**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၂၅)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၉၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၅.၇၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ၆-၇-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းအစည်းအဝေး တက်ရောက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်လှဋ္ဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပါတီအစည်းအဝေး တက်ရောက်ရန်။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဥပဒေကြမ်းအစည်းအဝေး တက်ရောက်ရန်။ ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျား၊ မ အကြမ်းဖက်သုတေသနပြုလုပ်သည့်ပွဲ တက်ရောက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေးနှင့် ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေးတို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၄)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၂၈)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၃၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြု

ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၃၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ ပြန်လည်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊

တောင်သူလယ်သမားရေးရာကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီများ ပြန်လည်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ပြန်လည်ဖွဲ့စည်းမည့် ကော်မတီများစာရင်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ တောင်သူလယ်သမားရေးရာကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီများ ပြန်လည်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ တောင်သူလယ်သမားရေးရာကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီများ ပြန်လည်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ မောင်တောမြို့၊ ကျီးကန်းပြင်ဌာနချုပ်မှ ငွေတောင်ကျေးရွာသို့ ဆက်သွယ်သွားလာနိုင်ရေးအတွက် ကားလမ်းအသစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။**　　။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း က ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ မောင်တောမြို့၊ ကျီးကန်းပြင်ဌာနချုပ်မှ ငွေတောင်ကျေးရွာသို့

ဆက်သွယ်သွားလာနိုင်ရေးအတွက် ကားလမ်းအသစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ မောင်တောမြို့၊ ကျီးကန်းပြင်ဌာန ချုပ်မှ ငွေတောင်ကျေးရွာသို့ ဆက်သွယ်သွားလာနိုင်ရေးအတွက် ကားလမ်းအား အသစ်ဖောက်လုပ်ရန် လိုအပ်နေပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံနယ်စပ်ဒေသများအပေါ် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်စဉ်အလိုက် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေ သည်ကို သိရှိနေပါသည်။ မောင်တောခရိုင်အတွင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် လမ်း၊တံတားများ ဆက်သွယ်သွားလာမှု လျင်မြန်ချောမွေ့စေရေး၊ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် တိုင်းရင်းသား ကျေးရွာများအချင်းချင်း ဆက်သွယ်သွားလာသည့် ရှောင်ကွင်းလမ်းများ၊ အဓိကလမ်းမကြီးများ၊ ဆက်သွယ်သည့် လမ်းများအား အသစ်ဖောက်လုပ်ရန် လိုအပ်နေသည့် အကြောင်းအရင်းကတော့ ၉-၁၀-၂၀၁၆ ရက်နေ့ ဘင်္ဂါလီအကြမ်းဖက်များက နယ်မြေစခန်းများကို တိုက်ခိုက်ခဲ့သည့်အချိန်တွင် ဒေသခံတိုင်းရင်းသားများ အသက်အန္တရာယ်ကင်းဝေးစေရန် တိုင်းရင်းသားကျေးရွာများအချင်းချင်း ဆက်သွယ်သွားလာနိုင်ရေး အတွက်သော်လည်းကောင်း၊ အလွယ်တကူသွားလာနိုင်ရေး အတွက်သော် လည်းကောင်း၊ မြောက်ပိုင်းရှိတိုင်းရင်းသားများနှင့် ဌာနဆိုင်ရာများ အသက်အန္တရာယ်ကင်းဝေးစေရန် တိုင်းရင်းသား ရှောင်ကွင်းလမ်း အသစ်ဖောက်လုပ်ရန် မဖြစ်မနေ လိုအပ်ပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အကြမ်းဖက်တိုက်ခိုက်သည့်အချိန်တွင် ကျီးကန်းပြင်၊ ဘင်္ဂါလီကျေးရွာ သီဟိုဠ်ခြံကို ဖြတ်ကျော်သွားလာနေရသည့်အတွက် အန္တရာယ်များစွာ ကြုံတွေ့နေရသည်ကို ဒေသခံတိုင်းရင်းသားများအပြင် ဌာနဆိုင်ရာများလည်း သိရှိပြီးဖြစ်ပါတယ်။ အထက်ဖော်ပြပါ တိုင်းရင်းသား ရှောင်ကွင်းလမ်းအား အသစ်ဖောက်လုပ်မည်ဆိုပါက ဖားဝပ်ချောင်း ကျေးရွာ၊ အောင်မင်္ဂလာကျေးရွာ၊ အောင်သာယာကျေးရွာ၊ အောင်ဇေယျကျေးရွာများအပြင် မြောက်ပိုင်း ရှိ တိုင်းရင်းသားကျေးရွာများ စီးပွားရေး၊ လူမှုရေး အဆင်ပြေချောမွေ့သွားနိုင်မည် ဖြစ်ပါတယ်။ မောင်တောမြို့သည် နယ်စပ်မြို့တစ်မြို့ဖြစ်သည့်အတွက် လုံခြုံရေးစနစ်ကောင်းမွန်ဖို့ အချိန်တိုအတွင်း လျင်မြန်စွာ သွားလာနိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်းရေးဆွဲပြီး လမ်းကွန်ရက်များ အသစ် ဖောက်လုပ်ရန် လိုအပ်နေပါသည်။

ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းလိုသည်မှာ အထက်ပါကားလမ်းအား ကွင်းဆင်းပြီး လိုအပ်သည် များကို တိုင်းတာသတ်မှတ်ပေးရန်နှင့် ကျီးကန်းပြင်ဌာနချုပ်မှ ငွေတောင်ကျေးရွာသို့ ဆက်သွယ် သွားလာနိုင်ရေးအတွက် တိုင်းရင်းသားရှောင်ကွင်းလမ်းအား အသစ်ဖောက်လုပ်ပေးရန် ၂၀၁၇-၂၀၁၈

ခုနှစ်၌ ပြည့်စွက်ရန်ပုံငွေ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဒေသခံတိုင်းရင်းသားများကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။ (သြဘာသံများ)

**ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဟရန်ဟရိန်း ကျေးရွာလမ်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်၏ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်ဖြင့် ကျောက်ခင်းခြင်းနှင့် စပ်လျဉ်း၍ တာဝန်ကျေမှု မရှိသော Global Village Company ၏ လုပ်ဆောင်ချက်ကို စစ်ဆေးပေးရန်နှင့် ပြည်သူများ ကျေနပ်လက်ခံနိုင်သည့် လမ်းအဖြစ် ပြန်လည် လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဟေး က ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဟရန်ဟရိန်း ကျေးရွာလမ်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်၏ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်ဖြင့် ကျောက်ခင်းခြင်း နှင့် စပ်လျဉ်း၍ တာဝန်ကျေမှုမရှိသော Global Village Company ၏ လုပ်ဆောင်ချက်ကို စစ်ဆေးပေးရန်နှင့် ပြည်သူများ ကျေနပ်လက်ခံနိုင်သည့် လမ်းအဖြစ် ပြန်လည်လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ်မှ ဦးငွန်ဟေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော် မေးမြန်းရမယ့်မေးခွန်းသည် လူပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုကိုသော် လည်းကောင်း နစ်နာစေသည့် ရည်ရွယ်ချက် မရှိသလို ဝန်ကြီးဌာနတစ်စုံတစ်ရာကိုမှလည်း ထိခိုက် ပုတ်ခတ်ပြောဆိုလိုသည့် ရည်ရွယ်ချက်လည်း မရှိပါ။ ပြည်သူနှင့် တိုင်းပြည်၏ ရသင့်ရထိုက်သည့် အခွင့်အလမ်းများ ဆုံးရှုံးမှု၊ ဥပမာ ပြည်သူ့ဘဏ္ဍာကို အလေအလွင့်မရှိစေရန်လည်းကောင်း၊ ပွင့်လင်း မြင်သာမှုမရှိ၍ တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းခြင်းကိုလည်းကောင်း၊ ပြည်သူက အမြင်မကြည် နိုင်မှုအပေါ်တွင်လည်းကောင်း အခြေခံပြီး မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၏ ၂၀၁၅-၂၀၁၆ ခုနှစ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ န.တ.လ ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ဟားခါးမြို့နယ်၊ ဟရန်ဟရိန်းကျေးရွာ ကျောက်ခင်း ခြင်းလုပ်ငန်းကို၊ Global Village Company က တင်ဒါရကာ ကျောက်ခင်းခြင်းကို စတင် ဆောင်ရွက်ခဲ့ပါတယ်။ ဒီအပေါ်မှာ ကျွန်တော်တို့ ခွင့်ပြုမှု အားနည်းတဲ့ ချင်းပြည်နယ်မှာ လုပ်ငန်းတွေ လုပ်ခဲ့တဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။ ဒါပေမဲ့ အဆိုပါလုပ်ငန်းတွင် ပွင့်လင်းမြင်သာမှုလည်း မရှိခဲ့သည့်အပြင် ကျောက်ထောင်မစီခြင်း၊ ရိုလာ အသုံး မပြုခြင်း၊ ကျောက်သဲမခင်းခြင်း၊ ကျောက်သားများ အရည်အသွေး အလွန်ညံ့ဖျင်းခြင်းနှင့် မြေနု၊ ကျောက်နုများဖြင့် စက်ကြီးများနှင့် ကျောက်ခင်းခြင်း၊ မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ဓမ္မတာမဟုတ်တဲ့ လမ်းနဲ့ ကျောက်ခင်းခြင်းကို ကျွန်တော် ဆိုလိုပါတယ်။ ထို့ကြောင့် ပြည်သူနဲ့ တိုင်းပြည် အလွန်နစ်နာလှ

ပါတယ်။ ထို့အပြင် ပဲ့ကိုင်ရှင် ဝန်ကြီးဌာနအပေါ် ပြည်သူလူထုရဲ့ အမြင်၊ အတွေး၊ အထင်နှင့် ပုံရိပ်တွေ လည်း မေးခွန်းထုတ်စရာတွေ ဖြစ်လာပါတယ်။

ထိုလမ်း ကျောက်ခင်းခြင်းကို ရွာသူ ရွာသားများရဲ့ တိုင်ကြားချက်အရ ၂၆-၄-၂၀၁၇ ရက်နေ့ တွင် ကျွန်တော်ကိုယ်တိုင် ကွင်းဆင်းလေ့လာခဲ့ပါတယ်။ ဓာတ်ပုံမှတ်တမ်းဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး ရဲ့ တိုင်ကြားစာနှင့်အတူ ပူးတွဲထားပါတယ်။ ဥက္ကဋ္ဌကြီး Power Point တင်ပြခွင့် တောင်းခံအပ် ပါတယ်။ ယခုဟာ (၃)လကြာပြီဖြစ်လို့ အပြောင်းအလဲ အစဉ်အလာအတိုင်း ပြောင်းလဲနိုင်ခြေတော့ ရှိပါတယ်။ ဒီဟာက လမ်းခင်းရာတွင် အသုံးပြုမည့်ကျောက်၊ ဒါကျောက်ချောတွေ၊ ကျောက်ချောဟု ခေါ်ထားသော ကျောက်ပုံများဖြစ်ပါတယ်။ အဲဒါ ကျောက်များကို ထုတ်ယူတဲ့နေရာတွေ ဖြစ်ပါတယ်။ အဲဒါ ကျောက်ခင်းပုံ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာမရှိတဲ့ ကျောက်ခင်းနည်းစနစ်ကို ဒီမှာ လုံးဝ ကိုယ့်နည်း ကိုယ့်ဟန်နဲ့၊ မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ထွင်ထားတဲ့ ကျောက်ခင်းထားခြင်း ဖြစ်ပါတယ်။ အဲဒါ ကျောက်ခင်းပြီး တစ်ဖက်က ကျောက်ခင်းပြီးသားလမ်းဖြစ်ပါတယ်။ ဟိုဘက်က ခင်းနေတုန်း ဖြစ်တယ်။ အဲဒါ အချောသတ်တဲ့လုပ်ငန်း ဖြစ်ပါတယ်။ အဲဒါ အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ တိုင်ကြားစာ ဖြစ်ပါတယ်။

ထို့ကြောင့် ဥက္ကဋ္ဌကြီးဆီမှတစ်ဆင့် မေးမြန်းလိုတာက တာဝန်ကျေမှုမရှိသော Global Village Company အဆိုပါ ကုမ္ပဏီသည် ချင်းပြည်နယ်တွင်၊ ချင်းပြည်နယ်အနှံ့တွင် အဆိုပါ ဝန်ကြီး ဌာနက လုပ်ငန်းအများအပြား ပေးထားပြီးဖြစ်သည်ဟု ကြားသိရပါသည်။ ထို့ကြောင့် ထိုကုမ္ပဏီအား ဘယ်လိုပုံ၊ ဘယ်လိုနည်းနဲ့ ဆောင်ရွက်မှုလုပ်နိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ အဆိုပါ ကျောက်ခင်းလမ်းကို ပြည်သူ့အကျိုးပြုလမ်းနှင့် ပြည်သူများ ကျေနပ်လက်ခံနိုင်သည့် လမ်းအဖြစ် ပြန်လည်လုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ လုံးဝ တာဝန်ရှိသော ဝန်ကြီးဌာနသို့ အလွန် ရိုသေစွာ မေးမြန်းအပ်ပါသည်။ အားလုံးကို လေးစားပါတယ်။ (ဩဘာသံများ)

လမ်းခင်းရာတွင် အသုံးပြုမည့် ကျောက်ပုံများ၏ မြင်ကွင်းပုံ (၁)



ကျောက်များ သယ်ယူသည့်နေရာ၏ မြင်ကွင်းပုံ (ဗ-၁)



ကျောက်ခင်းပြီးသည့် မြင်ကွင်းပုံ (ဗ-၂)



**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဗိုလ်ချုပ်သန်းထွန်း (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမမေးခွန်းဖြစ်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း ရဲ့ ကျီးကန်းပြင်ဌာနချုပ်မှ ငွေတောင်ကျေးရွာ သို့ ဆက်သွယ်သွားလာနိုင်ရေးအတွက် တိုင်းရင်းသား ရှောင်ကွင်းလမ်းအသစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အဆိုပါ ကားလမ်းအား ကွင်းဆင်းပြီး လိုအပ်သည်များကို တိုင်းတာသတ်မှတ်ပေး ရန် အစီအစဉ် ရှိ/မရှိ၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဗိုလ်ချုပ်သန်းထွန်း မှ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွေမှာ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်အတွင်းမှာ ဆောင်ရွက်ပေးတဲ့လုပ်ငန်းများကို အနည်းငယ် တင်ပြ သွားပါမယ်။ ဘူးသီးတောင်မြို့နယ်မှာရှိတဲ့ ငကျည်တောက်-ပြင်ခေါင်း-ကထိလှလမ်း မြေလမ်း လမ်းခင်း ခြင်း (၃/၄)မိုင်ကို ငွေကျပ်(၇၅.၄၈၂)သန်းဖြင့်လည်းကောင်း၊ အဆိုပါလမ်း ကျောက်ခင်းခြင်း (၂/၀)မိုင် ကို ငွေကျပ်(၁၅၈.၆၃၈)သန်းဖြင့်လည်းကောင်း၊ နောက်တစ်ခါ တောင်ပဇာ- ပန်းဘဲချောင်း- ပန်ဇီလမ်း ကျောက်ခင်းခြင်း(၂)မိုင်ကို ငွေကျပ်(၁၅၈.၆၃၈)သန်းဖြင့်လည်းကောင်း၊ မောင်တောခရိုင်၊ နယ်စပ် ခြံစည်းရိုး ချဉ်းကပ်လမ်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် ငွေကျပ်(၆၄၈.၉၃၄)သန်းဖြင့် လည်းကောင်း၊ စုစုပေါင်း ဘူးသီးတောင်မြို့နယ်အတွင်းမှာ (၁၀၄၁.၆၉၂)သန်းဖြင့် သုံးစွဲ အကောင် အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကျီးကန်းပြင် ဌာနချုပ် နေရာကနေပြီးတော့ ငွေတောင်ကျေးရွာသို့ ဆက်သွယ်သွားလာနိုင်ရေးအတွက် ကားလမ်းအသစ် ဖောက်လုပ်ပေးခြင်းလုပ်ငန်းကို ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ရန်ပုံငွေမှ တောင်းခံဆောင်ရွက်ပေးရန် တင်ပြခြင်းနဲ့ စပ်လျဉ်းပြီးတော့ အနည်းငယ် ရှင်းလင်းတင်ပြ ပါမယ်။

ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအရ ဖြည့်စွက်ရန်ပုံငွေကို တင်ပြ တောင်းခံတဲ့နေရာမှာ အရအသုံး ခန့်မှန်းခြေငွေစာရင်းမှာ ခွင့်ပြုထားသည့် ရန်ပုံငွေဖြင့် မလုံလောက် သည့်အတွက် မဖြစ်မနေ ပေးချေရမည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ အမှန်တကယ်လိုအပ်တဲ့ လစာစရိတ်၊ ပင်စင်နှင့် အတိုးပေးငွေတို့ကိုသာ တောင်းခံရန်အတွက် အမျိုးသား စီမံကိန်းဥပဒေမှာ ပါရှိပါတယ်။ ရန်ပုံငွေနှင့် မလောက်သည့်ကိစ္စရပ်များနှင့် ယခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးနိုင်သည့် ကိစ္စရပ်များကိုသာ တောင်းခံရန်ဟူ၍ ဖော်ပြပါရှိတဲ့အတွက် လွှတ်တော်

ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် တင်ပြဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကျီးကန်းပြင်ဌာနချုပ်မှ ငွေတောင်ကျေးရွာသို့ ကားလမ်းအသစ် ဖောက်လုပ်ခြင်းလုပ်ငန်းကို မိမိဝန်ကြီးဌာန ကွပ်ကဲမှုအောက်မှာရှိတဲ့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးက တာဝန်ရှိသူများကို ကွင်းဆင်းစစ်ဆေးစေပါမယ်။ ကွင်းဆင်းစစ်ဆေးပြီးတော့ တွေ့ရှိချက်များအပေါ်မှာ မူတည်ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လာမယ့် ဘဏ္ဍာရေးနှစ်များအလိုက် ရန်ပုံငွေ လျာထားတင်ပြ တောင်းခံပြီးတော့ ရန်ပုံငွေ ခွင့်ပြုဝင်ဆံ့မှုအပေါ်မှာ အခြေခံပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ကျွန်တော်တို့ နံပါတ်(၂) မေးခွန်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဦးငွန်ဟေး ရဲ့ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဟရန်ဟရိန်းကျေးရွာလမ်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်၏ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်ဖြင့် ကျောက်ခင်းခြင်းနှင့် စပ်လျဉ်း၍ တာဝန်ကျေပွန်မှုမရှိတဲ့ Global Village Company ၏ လုပ်ဆောင်ချက်ကို စစ်ဆေးပေးရန်၊ ပြည်သူများ ကျေနပ်လက်ခံနိုင်သည့်လမ်းအဖြစ် ပြန်လည်လုပ်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ကိုယ်စား ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ပြန်လည် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဟရန်ဟရိန်းကျေးရွာလမ်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ချင်းပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ခွင့်ပြုရန်ပုံငွေကျပ်က (၃၈၃.၂၉၀)သန်းဖြင့် ကျောက်လမ်း(၅)မိုင်ကို Global Village Company မှ တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိရာမှာ (၈၀)ရာခိုင်နှုန်းသာ ပြီးစီးသည့် ဆောင်ရွက်ဆဲလုပ်ငန်းဖြစ်ပြီးတော့ လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ခြင်း မရှိကြောင်း သိရပါတယ်။ ချင်းပြည်နယ်အစိုးရအနေဖြင့်လည်း အဆိုပါ လုပ်ငန်းအား သတ်မှတ် စံချိန်စံညွှန်းနှင့် ပြည့်မီတဲ့ ကျေးရွာပြည်သူလူထု အသုံးပြုနိုင်တဲ့ ကျောက်ခင်းလမ်းဖြစ်စေရေးအတွက် ကုမ္ပဏီကို ကျွန်တော်တို့ တွန်းအားပေးပြီးတော့ ကုမ္ပဏီရဲ့ လုပ်ဆောင်ချက်များကိုလည်း စစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရရဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ်ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ကို အပေါင်ထားပြီး လယ်ယာစိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးများရရှိစေရန် ချေးငွေများထုတ်ချေးမည့် အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုပေးသောဘဏ်များ တည်ထောင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ကို အပေါင်ထားပြီး လယ်ယာစိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးများရရှိစေရန် ချေးငွေများထုတ်ချေးမည့် အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုပေးသောဘဏ်များ တည်ထောင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြ မေးခွန်းကတော့ လယ်ယာမြေခွင့်ပြုလက်မှတ် (ပုံစံ-၇) ကို အပေါင်ထားပြီး လယ်ယာစိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးများရရှိစေရန် ချေးငွေများ ထုတ်ချေးပေးမည့် အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုပေးသော ဘဏ်များ တည်ထောင်ဖွင့်လှစ်ထားရှိပေးရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ၂၀၁၁-၂၀၁၅ အစိုးရလက်ထက်က စိုက်ပျိုးစရိတ်ချေးငွေများကို လယ်မြေတစ်ဧကအတွက် (၁၀၀၀၀၀)ကျပ်နှုန်းဖြင့် ထုတ်ချေးပေးခဲ့ရာမှ ၂၀၁၆ ခုနှစ်၊ အစိုးရလက်ထက်တွင် (၁၅၀၀၀၀)ကျပ် အထိ တိုးတက် ထုတ်ချေးခဲ့ခြင်း၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)ထံမှ ဂျပန်ယမ်းငွေ သန်းပေါင်း(၁၅၁၃၅)သန်းနှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့(IFAD) ထံမှ အမေရိကန်ဒေါ်လာ (၅၆.၈)သန်းကို ချေးယူပြီး ၂၀၁၇-၂၀၁၈ နှစ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်နေမှုများဟာ မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း အထင်အရှား တွေ့မြင်နေကြရတာဖြစ်ပါတယ်။ သို့ပါသော်လည်း အဆိုပါ ချေးငွေများနှင့် ဖော်ဆောင်ပေးမည့် အစီအစဉ်များဟာ တစ်နိုင်ငံလုံးအတွက်မဟုတ်ဘဲ တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့အတွက်သာ ဖြစ်နေသေးပါကြောင်းနှင့် မိုးချေးငွေ (၁၅၀၀၀၀)ကျပ်မှာလည်း စိုက်ပျိုးကုန်ကျမှုစရိတ်များအတွက် လောက်ငှမှုရှိသော ငွေကြေးများမဟုတ်ကြောင်းကို အားလုံးက သိနေကြတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးဦးကျကာလဟာ လယ်ယာလုပ်ငန်းခွင်အတွက် ကြိုတင်ပြင်ဆင်ကြရတဲ့ ကာလဖြစ်သည့်အားလျော်စွာ မိုးချေးငွေများ မရမီကပင် နေအိမ်မိုးရေး၊ ကာရေးကိစ္စများ၊ ထွန်တုံးထွန်တံများ ပြင်ဆင်ရခြင်း၊ ခိုင်းကျွဲ၊ ခိုင်းနွားများ ရရှိရေး၊ ရှားပါးလယ်ယာလုပ်သားများ ရရှိရေးနှင့် ကျောင်းဖွင့်စကာလ ကလေးများ၏ ပညာရေးစရိတ်များ စသည့်လိုအပ်ချက်များအတွက် လယ်သမားများဟာ ငွေရှင်၊ ကြေးရှင်များထံမှ ပေါက်ဈေးထက် ဈေးလျော့ပြီး စပါးပေး ယူကြရခြင်းနှင့် အချို့လယ်ယာမြေကိုပင် အပေါင်ထား၍ ချေးငှားပြီး

ဆောင်ရွက်နေကြရတာဖြစ်ပါတယ်။ ဒီအတွက်ကြောင့်လည်း မိုးချေးငွေများရလာသောအခါမှာ ရရှိငွေများကို လယ်ယာလုပ်ငန်းအတွက် အပြည့်အဝ အသုံးချနိုင်သူက နည်းပါးပြီး လယ်သမားအများစုမှာ ကြိုတင်ချေးငွေများကို အမြန်ဆုံး ပြန်ဆပ်ကြရပြီး အချို့အဝက်ကိုသာ လယ်ယာလုပ်ငန်းအတွက် အသုံးချကြရတာ ဖြစ်ပါတယ်။ ချေးငွေရတုန်း အကြွေးကို အမြန်ပြန်ဆပ်ပြီး လယ်ယာလုပ်ငန်းအတွက် လိုအပ်လာတော့လည်း ပြန်ပြီးချေးငှားကြရနဲ့ အဆင်ပြေအောင် လှည့်ပတ်ဆောင်ရွက်နေကြရတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်အတွင်းရှိ မြို့နယ်များတွင် လယ်ယာဥယျာဉ်ခြံမြေများကို အပေါင်ထားပြီး ငွေချေးမယ်ဆိုလျှင် ငွေ(၁၀၀) အတွက် တစ်လအတိုးနှုန်းမှာ (၂၀)ကျပ်မှ (၂၅)ကျပ်အထိ အတိုးကြီးပေးရပြီး ပေါင်ရောင်းစာချုပ်ချုပ်ဆိုကာ ချေးယူကြရတာဖြစ်ပါတယ်။ မူလချေးငွေအတွက် ကန့်သတ်ကာလအတွင်း အတိုး မှန်မှန်မပေးဆပ်နိုင်သူများဟာ အတိုးအရင်းပေါင်းပြီး ချေးနေမှုများကြောင့် (၂)နှစ် (၃)နှစ်တာ ကာလအတွင်းမှာ လေးငါးဆယ်သိန်းမျှသော ချေးငွေများအတွက် သိန်းလေးငါးဆယ်တန် လယ်ယာမြေများကို ငွေရှင်များလက်သို့ ထိုးအပ်လိုက်ကြရတဲ့ အဖြစ်မျိုးတွေဟာ မနည်းလှပါဘူး။ ဒီလိုနစ်နာ ဆုံးရှုံးခဲ့ရမှုများကြောင့်လည်း ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ထွက်လာချိန်ကစပြီး (ပုံစံ-၇)ကို အပေါင်ထားပြီး ချေးငွေများ ရယူနိုင်ရေးအတွက် လယ်သမားများက အမျှော်လင့်ကြီး မျှော်လင့်နေကြတာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့် ပေးပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ (ပုံစံ-၇)ကို အပေါင်ထားပြီး ချေးငွေရရှိရေးနဲ့ ပတ်သက်လို့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ (ပုံစံ-၇)ကို အပေါင်ထားပြီး ချေးငွေများရယူနိုင်ရေးကိစ္စမှာ ဥပဒေနှင့် နည်းဥပဒေများမှာပါ တိတိကျကျ ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဆိုပါက လယ်သမားများအဖို့ အတိုးသက်သာခွင့်များရကြပြီး အဆင်ပြေလာကြမှာဖြစ်သလို သက်ဆိုင်ရာဝန်ကြီးဌာန အနေဖြင့်လည်း (ပုံစံ-၇)ကို အပေါင်ယူထားပြီး ထုတ်ချေးပေးရတာဖြစ်တဲ့အတွက် ဆုံးရှုံးမှုများလည်း ရှိလာနိုင်တော့မည် မဟုတ်ကြောင်း သုံးသပ်နိုင်ကြမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လယ်သမားများကိုယ်စား တာဝန်ရှိလူကြီးများကို မေးမြန်းလိုသည်မှာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(င)တွင် စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုပေးသည့် ဘဏ်တွင်သာ ပေါင်နှံရမည် ဆိုသည့် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးများ ရရှိရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ကို အပေါင်ထားပြီး ချေးငွေများရရှိနိုင်မည့် အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုထားသည့် ဘဏ်များကို တည်ထောင်ဖွင့်လှစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါကလည်း မည်သည့်အချိန်ကာလမှစတင်ကာ မည်သို့မည်ပုံ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်တွင် တည်ဆောက်လျက်ရှိသော ပါဒဝရေတံခါးနှင့် ပတ်သက်ပြီး ပြည်သူလူထုကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းချပြမှု မရှိခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး က ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်တွင် တည်ဆောက်လျက်ရှိသော ပါဒဝရေတံခါးနှင့် ပတ်သက်ပြီး ပြည်သူလူထုကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းချပြမှု မရှိခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ဧည့်သည်တော်များ၊ ပြည်ထောင်စု အဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဂါရဝပြု နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲမြင့်စိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရန်ကုန်တိုင်း ဒေသကြီး၊ ကျောက်တန်းမြို့နယ်တွင် ပါဒဝရေထိန်းတံခါးတစ်ခုကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်တည်ဆောက်ခဲ့ပြီး ယခုအခါတွင် (၄)လအတွင်း တည်ဆောက်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ ရေတံခါး များကို တည်ဆောက်ခြင်းအားဖြင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် အကျိုးရှိစေမည်မှာ မှန်ကန်သော်လည်း မတည်ဆောက်ခင် အချိန်ယူ၍ ကွင်းဆင်းလေ့လာတိုင်းတာကာ အချက်အလက် များ စုဆောင်းတွက်ချက်ပြီး ဖြစ်နိုင်ချေကို စူးစမ်းလေ့လာကာ ဖြစ်နိုင်ချေ အစီရင်ခံစာ (Feasibility Report) ကိုတင်ပြီး အတည်ပြုချက်ရရှိပြီးမှ တည်ဆောက်ခြင်းအားဖြင့် ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများ ကို ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။

အလားတူပင် တည်ဆောက်ပြီးကာလမှာလည်း လျစ်လျူရှုထား၍မရဘဲ သတ်မှတ် စည်းကမ်း ဥပဒေများ (Rule and Regulation) များအတိုင်း ဆက်လက်ထိန်းသိမ်းနိုင်မှသာလျှင် တည်ဆောက်ခဲ့ ပြီးသော ရေတံခါး၏အကျိုးကျေးဇူးကို ပြည့်ပြည့်ဝဝ ခံစားနိုင်မှာဖြစ်ပါတယ်။ သို့မဟုတ်ပါက ပေါ့စေလို ၍ ကြောင်ရုပ်ထိုး ဆေးအတွက်လေး ဆိုပြီးသကဲ့သို့ ကောင်းကျိုးဖြစ်အောင် တည်ဆောက်သော်လည်း ဆိုးကျိုးများဖြစ်ထွန်းလာကာ ဌာနအပေါ် တောင်သူများ အယုံအကြည်ကင်းမဲ့လာတော့မှာ ဖြစ်ပါတယ်။ နမူနာအားဖြင့် ယခင်က သုံးခွမြို့နယ်တွင် တည်ဆောက်ခဲ့သော တကောရေထိန်းတံခါးနှင့် နံယော ရေတံခါးတို့ကြောင့် ဒေသခံတောင်သူလယ်သမားများ တည်ဆောက်ပြီး (၂)နှစ်ကာလမှ အစပြု၍ ကောင်းကျိုးဖြစ်ထွန်းမှုမရှိဘဲ ဆိုးကျိုးများကိုသာ (၆)နှစ်ခန့် အစဉ်တစိုက် ခံစားနေကြရလျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ဒါတည်ဆောက်ပြီးခဲ့တဲ့ နွေအခါ တကောရေထိန်းတံခါးရဲ့ အထက်မြင်ကွင်း ဖြစ်ပါတယ်။ ဒါလည်း အထက်မြင်ကွင်းတံခါးဖြစ်ပါတယ်။ ဒီချောင်းကြီးဟာဆိုလို့ရှိရင် အရင်က ဝါးတစ်ရပ်ခန့်နက်တဲ့ ချောင်းကြီးဖြစ်ပါတယ်။ အဲဒီချောင်းဟာ

အခု တစ်ပေလောက်ပဲ မြင်ရတဲ့အတိုင်းပဲ အနက်ရှိတော့တာကို တွေ့ပါမယ်။ အခုတစ်ခါ နွေအခါ ဒီတကောရေထိန်းတံခါးရဲ့ အောက်ဘက်မြင်ကွင်းကလည်း ဒီအတိုင်းပဲ ဖြစ်ပါတယ်။ ရေစီးဆင်းလာနိုင်မှု နည်းပါးလာတဲ့အတွက်ကြောင့် ဒီပတ်ဝန်းကျင်တစ်လျှောက်မှာ ဒီနယ်မြေမှာ ရေကြီးနစ်မြုပ်လာတယ်ဆိုတာကို အစဉ်တစိုက် ခံစားနေခဲ့ကြတာဖြစ်ပါတယ်။ ဒါရေကြီးနစ်မြုပ်တဲ့ ဥစ္စာတွေကို ရိုက်ပြထားခြင်း ဖြစ်ပါတယ်။

သုံးခွမြို့နှင့် ကျောက်တန်းမြို့ဟာ ဆက်စပ်လျက်ရှိပါသဖြင့် အဆိုပါ ရေထိန်းတံခါးများကဲ့သို့ ယခု တည်ဆောက်လျက်ရှိတဲ့ ပါဒဝရေတံခါးကြောင့်လည်း ဆိုးကျိုးများဖြစ်ပေါ်လာနိုင်မည် ဟု ဒေသခံတို့က စိုးရိမ်ကြောင့်ကြလျက် ရှိကြပါတယ်။ ထိုပါဒဝရေတံခါးစီမံကိန်း တည်ဆောက်ရန်အတွက် Feasibility Report ကို သေချာစွာလေ့လာတင်ပြခဲ့မှု မရှိခြင်း၊ ဒေသခံများကိုလည်း ရှင်းလင်းမြင်သာစွာ ချပြရှင်းလင်းမှုမရှိခြင်း၊ ဒေသခံပြည်သူလူထု၏ ကိုယ်စားလှယ်များဖြင့်လည်း ဆွေးနွေးမှုမရှိခြင်းတို့အပြင် တည်ဆောက်ရန်အတွက် လျာထားငွေမှာ ကျပ်သိန်းပေါင်း(၁၄၀၀၀)ခန့်ရှိပြီး တည်ဆောက်သည့်အချိန်ကာလမှာလည်း (၄)လအတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်လျှင်မကောင်း၊ ကောင်းလျှင် မသက်သာနိုင် ဆိုတဲ့ ဆောင်ပုဒ်လိုမျိုး ပြည်သူလူထုကလည်း စိုးရိမ်နေကြတာရှိပါတယ်။ သို့ဖြစ်ပါ၍ တည်ဆောက်ပြီးစီးပြီးဖြစ်တဲ့ အဆိုပါ ပါဒဝရေတံခါးစီမံကိန်းအတွက် ရေတံခါး၏ အကျိုးသက်ရောက်ပုံကို ရှင်းလင်းတင်ပြမှု (Performance Report) ကို (၆)လတစ်ကြိမ် သို့မဟုတ် နှစ်စဉ် သက်ဆိုင်ရာ ဒေသခံတောင်သူလယ်သမားများအား တင်ပြရှင်းလင်းပေးသွားရန် အစီအစဉ် ရှိ/မရှိ၊ ဒေသခံ မဲဆန္ဒရှင် ပြည်သူလူထု တောင်သူလယ်သမားများကို ကုန်ကျငွေနှင့် အကျိုးသက်ရောက်မှု (Cost and Benefit) ကိုလည်း မျှမမျှ ပြန်လည်ရှင်းလင်းပြလိုခြင်းကြောင့် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

နွေအခါ တကောရေထိန်းတံခါး အထက်မြင်ကွင်းပုံ (ဘ)



နွေအခါ တကောရေထိန်းတံခါး အထက်မြင်ကွင်းပုံ (ဘ-၁)



နွေအခါ တကောရေထိန်းတံခါး အောက်မြင်ကွင်းပုံ (ဘ-၂)



**ဝေါမြို့နယ်၊ မိုးနတ်ကျေးရွာနှင့် သနပ်ပင်မြို့နယ်၊ မင်းရွာသို့ ဆက်သွယ်ထားသော မိုးနတ်-မင်းရွာ မြို့နယ်ချင်းဆက် ကိုယ်ထူကိုယ်ထ မြေသားလမ်း (၃) မိုင် (၂)ဖာလုံအား ရာသီမရွေး အသုံးပြုနိုင်သည့် ကုန်ထုတ်လမ်းမကြီးအဖြစ် ပြုပြင်တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က ဝေါမြို့နယ်၊ မိုးနတ်ကျေးရွာနှင့် သနပ်ပင်မြို့နယ်၊ မင်းရွာသို့ ဆက်သွယ်ထားသော မိုးနတ်-မင်းရွာ မြို့နယ်ချင်းဆက် ကိုယ်ထူကိုယ်ထ မြေသားလမ်း (၃)မိုင် (၂)ဖာလုံအား ရာသီမရွေး အသုံးပြုနိုင်သည့် ကုန်ထုတ်လမ်းမကြီးအဖြစ် ပြုပြင်တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဝေါမြို့နယ်ရဲ့ အစွန်ဆုံး မိုးနတ်ကျေးရွာနှင့် သနပ်ပင်မြို့နယ်ရဲ့ အစွန်ဆုံး မင်းရွာကို ဆက်သွယ်ထားတဲ့ အကျယ်(၈)ပေ၊ အရှည်(၃)မိုင် (၂)ဖာလုံရှိတဲ့ မြို့နယ်ချင်းဆက် ဆက်သွယ်ရေး မြေသားလမ်းဟာ ဆိုလို့ရှိရင် ၂၀၀၉ ခုနှစ်၊ ၂၀၁၀ ခုနှစ်တွေမှာ ကျေးရွာလူထုရဲ့ လုပ်အားနဲ့ ငွေသားထည့်ဝင်ငွေ သိန်း (၂၄၀)၊ ၂၀၁၁ ခုနှစ်မှာ လမ်းပေါ်မှာရှိတဲ့ တံတား(၁၄)စင်းအတွက် အလှူရှင်(၃)ဦးရဲ့ ထည့်ဝင်ငွေ (၂၁၅)သိန်း၊ စုစုပေါင်း(၄၅၅)သိန်းနဲ့ ဖောက်လုပ်ခဲ့တဲ့ မြို့နယ်ချင်းဆက် ကိုယ်ထူကိုယ်ထ ဆက်သွယ်ရေး လမ်းမကြီးပဲ ဖြစ်ပါတယ်။

အဲဒီလမ်းဟာဆိုလို့ရှိရင် ဝေါမြို့နယ်အတွင်းမှာရှိတဲ့ မိုးနတ်ကျေးရွာ အပါအဝင် ပတ်ဝန်းကျင်ကျေးရွာ(၁၅)ရွာ၊ သနပ်ပင်မြို့နယ်အတွင်းမှာရှိတဲ့ မင်းရွာ အပါအဝင် ပတ်ဝန်းကျင်ကျေးရွာ(၁၅)ရွာ၊ စုစုပေါင်းကျေးရွာ(၃၀)ခန့်မှာရှိတဲ့ လူဦးရေ (၁၂၀၀၀၀)ခန့် နေ့စဉ် အသုံးပြုနေတဲ့ မြို့နယ်ချင်းဆက် တစ်ခုတည်းသော ဆက်သွယ်ရေးလမ်းမကြီးပဲ ဖြစ်ပါတယ်။ နေ့စဉ် လူဦးရေ (၁၀၀၀၀)ခန့်၊ ကားအစီးရေ(၅၀)ခန့်၊ မော်တော်ဆိုင်ကယ်စီးရေ(၂၀၀)ခန့်နဲ့ လယ်ဧက (၅၀၀၀)ကျော်မှ ထွက်ရှိတဲ့ စပါး၊ ပဲ၊ နှမ်း စိုက်ပျိုးရေးထွက်ကုန်များနဲ့ ငါးမွေးကန်(၃၀)ခန့်နဲ့ ရိုးချောင်းများမှထွက်ရှိတဲ့ ရေချိုငါးများ၊ အခြားကုန်စည်များ သယ်ဆောင်ပြီးတော့မှ ဖြတ်သန်းလျက်ရှိတဲ့ ကုန်ထုတ်လမ်းမကြီးလည်း ဖြစ်ပါတယ်။

မိုးနတ်ကျေးရွာနဲ့ တခြား ဝေါမြို့နယ်မှာရှိတဲ့ ကျေးရွာတွေဟာ ဆိုလို့ရှိရင် ဝေါမြို့နယ်ပိုင် ဖြစ်ပေမယ်လို့ ဝေါမြို့နယ်ကို သွားလာဖို့ ခက်ခဲတဲ့ကြောင့်မို့လို့ မြို့နယ်ချင်းဆက်ဖြစ်တဲ့ သနပ်ပင်မြို့နယ်သွားဖို့အတွက် ဒီ မင်းရွာကနေတစ်ဆင့် သွားရတဲ့ အဓိက ဆက်သွယ်ရေးလမ်းမ ကုန်ထုတ်လမ်း ဖြစ်ပါတယ်။ အဲဒီအပြင် ဝေါမြို့နယ်နဲ့ သနပ်ပင်မြို့နယ်မှာရှိတဲ့ ပတ်ဝန်းကျင် ကျေးရွာ ပေါင်း(၃၀)ခန့်မှ အထက်တန်းကျောင်းသား၊ ကျောင်းသူ(၂၀၀)ခန့်ကလည်း သနပ်ပင်မြို့နယ်၊ မင်းရွာမှာရှိတဲ့ အခြေခံပညာ အထက်တန်းကျောင်းကို အဆိုပါလမ်းကနေ နေ့စဉ် ဖြတ်သန်းပြီးတော့ ပညာဆည်းပူးလျက် ရှိပါတယ်။ ၎င်းဒေသမှာရှိတဲ့ ရပ်ရွာလူထုကလည်း ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးလက်ဆေးခန်းနဲ့

သားဖွားဆေးခန်းများသာ ရှိတဲ့အတွက်ကြောင့်မို့လို့ မင်းရွာတိုက်နယ်ဆေးရုံကို သွားရောက်ကုသခံယူရာတွင် အသုံးပြုနေတဲ့ အဓိက ဆက်သွယ်ရေးလမ်းမကြီး ဖြစ်ပါတယ်။ အဲဒီ့အပြင် ဝေါမြို့နယ်မှာ ဆောင်ရွက်ရမယ့် ဌာနဆိုင်ရာကိစ္စများ၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စများဆိုလည်း ဝေါမြို့နယ်က ပြည်သူများက အဲဒီလမ်းကို အဓိက ဖြတ်သန်းနေတဲ့ လမ်းတစ်ခုလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဒါပေမဲ့လို့ အဲဒီဒေသက နှစ်စဉ်နှစ်တိုင်း အမြဲတမ်းရေလွှမ်းမိုးမှု ကြုံနေရတဲ့ ဒေသဖြစ်တဲ့အတွက်ကြောင့်မို့လို့ မိုးရာသီမှာဆိုရင် အဲဒီလမ်းဟာ အမြဲတမ်းပဲ ပျက်စီးမှု နှစ်စဉ် ပျက်စီးမှုကြုံရပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံတွေနဲ့ အဲဒီလမ်းကို ဆိုလို့ရှိရင် နှစ်စဉ်နှစ်တိုင်း ရပ်ရွာလူထုရဲ့ ထည့်ဝင်ငွေ၊ လုပ်အားတွေနဲ့ ပြုပြင်နေရပါတယ်။ ခေတ်အဆက်ဆက် ကနေစပြီးတော့ အဲဒီ့လမ်းကို စတင်ဖောက်တယ်။ ၂၀၁၀ ကနေပြီး ယနေ့အထိ နိုင်ငံတော်ရဲ့ မည်သည့် ထောက်ပံ့မှုမှမရဘဲနဲ့ ရပ်ရွာလူထုက ၂၀၁၂-၂၀၁၃ ခန့်မှာ ဒုတိယအကြိမ် ပြင်ဆင်စရိတ် သိန်း(၈၀)၊ တစ်နှစ်ခြားဖြင့် (၅)ကြိမ် ပြင်ဆင်စရိတ် သိန်း(၁၅၀)ခန့် အကုန်ကျခံ၍ ပြင်ဆင်ခဲ့ရတဲ့ လမ်းလည်း ဖြစ်ပါတယ်။ အဲဒီ့အပြင် ဝေါမြို့နယ်၊ ဝင်းကဒက်ကျေးရွာနဲ့ သနပ်ပင်မြို့နယ်၊ ကျုံပါကျွန်းကြီး၊ ကျွန်းချောင်း၊ ခရာစုကျေးရွာတို့ကို ဆက်သွယ်ထားတဲ့ မေတ္တာဝါဒီ ရွာချင်းဆက်လမ်းနှင့်လည်း ဆက်သွယ်ထားတဲ့ လမ်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point တင်ပြခွင့်ပြုပါ။ ဒီပုံမှာ ပြထားတဲ့အတိုင်းပါပဲ။ ဒီလမ်းကတော့ အမြဲတမ်းပဲ မိုးရာသီမှာဆိုရင် ပျက်စီးပါတယ်။ ဒါကတော့ အလှူခံပြီးတော့မှ ကျွန်မတို့ လမ်းကို နှစ်စဉ် ပြင်ရပါတယ်။ ဒါကတော့ ကိုယ်ထူကိုယ်ထပဲ နှစ်စဉ်နှစ်တိုင်း ဒီလိုပဲ ပြင်ရပါတယ်။ ဒါကတော့ ကျွန်မတို့ ကုန်ထုတ်လမ်းမို့လို့ ကားတွေလည်း အမြဲတမ်းသွားပါတယ်။ ဆိုင်ကယ်တွေနဲ့လည်း အမြဲတမ်းသွားတယ်။ ပညာရေးအတွက်လည်း အမြဲတမ်းပဲ သုံးပါတယ်။

ဒါကြောင့်မို့လို့ ဒီဒေသမှာရှိတဲ့ ဒေသခံပြည်သူတွေရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ် အရေးပါပြီး ဒေသဖွံ့ဖြိုးရေးအတွက်လည်း အချက်အချာကျတဲ့ ဒီမြို့နယ်ချင်း ဆက်သွယ်ရေးလမ်းဖြစ်တဲ့ မိုးနတ်-မင်းရွာသွား (၈)ပေအကျယ် (၃)မိုင် (၂)ဖာလုံရှည်လျားတဲ့ မြေသားလမ်းကို ရာသီမရွေး အသုံးပြုနိုင်တဲ့ (၁၂)ပေအကျယ် ကွန်ကရစ် သို့မဟုတ် ကတ္တရာခင်း ကုန်ထုတ်လမ်းမကြီးအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူပြီး တိုးချဲ့ပြုပြင်ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်မှာ မည်သို့ စီစဉ်ဆောင်ရွက်မည်လဲ ဆိုတာကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

မိုးရာသီတွင် အမြဲတမ်း ပျက်စီးနေသော လမ်းမြင်ကွင်းပုံ (မ)



နှစ်စဉ်နှစ်တိုင်း ကိုယ်ထူကိုယ်ထစနစ်ဖြင့် လမ်းပြုပြင်နေသော မြင်ကွင်းပုံ (မ-၁)



ကုန်ထုတ်လမ်းဖြစ်သည့်အတွက် ကားများသွားလာနေသော မြင်ကွင်းပုံ (မ-၂)



**မြန်မာ့ပင်လယ်ပြင်အတွင်းရှိ သက်ဆိုင်ရာဒေသ သို့မဟုတ် ငါးဖမ်းကွက်အလိုက် ငါးအမျိုးအစားများကို စနစ်တကျ သုတေသနပြုလုပ်၍ ငါးသားပေါက် ရာသီအလိုက် ငါးမဖမ်းရနယ်မြေများ သတ်မှတ်၍ သတ်မှတ်ထားသော ငါးမဖမ်းရ ဧရိယာအတွင်း သတ်မှတ်ကာလအထိ ကမ်းဝေးငါးဖမ်းလှေများကို လုံးဝဖမ်းဆီးခြင်း မပြုရန်နှင့် တားမြစ်ချက်များအား မလိုက်နာသော ကမ်းဝေးငါးဖမ်းလှေများကို ထိထိရောက်ရောက် အပြစ်ပေး အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်းက မြန်မာ့ပင်လယ်ပြင်အတွင်းရှိ သက်ဆိုင်ရာဒေသ သို့မဟုတ် ငါးဖမ်းကွက်အလိုက် ငါးအမျိုးအစားများကို စနစ်တကျသုတေသနပြုလုပ်၍ ငါးသားပေါက်ရာသီအလိုက် ငါးမဖမ်းရနယ်မြေများ သတ်မှတ်၍ သတ်မှတ်ထားသော ငါးမဖမ်းရ ဧရိယာအတွင်း သတ်မှတ်ကာလအထိ ကမ်းဝေးငါးဖမ်းလှေများကို လုံးဝ ဖမ်းဆီးခြင်းမပြုရန်နှင့် တားမြစ်ချက်များအား မလိုက်နာသော ကမ်းဝေးငါးဖမ်းလှေများကို ထိထိရောက်ရောက် အပြစ်ပေးအရေးယူ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းအား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ကြိုတင်ခွင့်တောင်းခံအပ်ပါတယ် ခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းမှာ ဥက္ကဋ္ဌကြီးဖတ်ပြသွားတဲ့ ကျွန်တော်ရဲ့ မေးခွန်းမှာ အပိုင်း(၂)ပိုင်းရှိပါတယ်။ တစ်ပိုင်းက ကျွန်တော်တို့ မြန်မာ့ပင်လယ်ပိုင်နက်ထဲမှာရှိတဲ့ ဒီ ကျွန်တော်တို့ ငါးဖမ်းကွက်(၄)ခု ရှိပါတယ်။ အဲဒီ ငါးဖမ်းကွက်(၄)ကွက်မှာရှိတဲ့ ငါးအမျိုးအစားတွေက တစ်ခုနဲ့တစ်ခု ကျွန်တော်တို့ မတူညီကြပါဘူး။

အဲဒီ့မတူညီကြတဲ့ ငါးအမျိုးအစားအလိုက် ရေပိုင်နက်အလိုက်မှ ကျွန်တော်တို့ သုတေသနပြုစုပြီးတော့ ငါးသားပေါက်ရာသီကို ငါး မဖမ်းရ ဧရိယာများ သတ်မှတ်ပေးဖို့က တစ်ပိုင်းပါ။ ဒုတိယအပိုင်းကတော့ အဲဒီလို သတ်မှတ်ထားတဲ့ ငါးမဖမ်းရ ရာသီထဲမှာ ငါးမဖမ်းရ ဧရိယာထဲမှာ ကမ်းဝေးငါးဖမ်း ရေယာဉ်တွေကို ကျွန်တော်တို့ လုံးဝငါးဖမ်းခွင့် မပြုဖို့အတွက် တားမြစ်ပေးဖို့ဆိုတဲ့ အပိုင်းက တစ်ပိုင်း ပါ ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းအရှည်အား မိုင်ပေါင်း (၁၇၆၀)နဲ့ ကီလိုမီတာအားဖြင့် (၃၈၃၂)ကီလိုမီတာ ရှည်လျားပါတယ်။ ရခိုင်ပြည်နယ် ငါးဖမ်းကွက်၊ ဧရာဝတီငါးဖမ်းကွက်၊ မွန်ပြည်နယ် ငါးဖမ်းကွက်နဲ့ တနင်္သာရီငါးဖမ်းကွက်ဆိုပြီးတော့ ငါးဖမ်းကွက် စုစုပေါင်း(၄)ခု ရှိပါတယ်။ မြန်မာ့ပင်လယ်မှာ တွေ့ရှိရတဲ့ ငါးအမျိုးအစားကတော့ (၁၂၅)မျိုးရှိပါတယ်။ ဒါ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်မှာ ရရှိတဲ့စာရင်းအရပါ။ အဲဒီထဲမှာ အချိန်အားဖြင့် ကျွန်တော် တနင်္သာရီတိုင်း ငါးဖမ်းကွက်မှာရှိတဲ့ ငါးအမျိုးအစားတွေပဲ ကျွန်တော် ထောက်ပြပြီးတော့ ဆွေးနွေး သွားမှာဖြစ်ပါတယ်။

တနင်္သာရီတိုင်းငါးဖမ်းကွက်မှာ ငါးအမျိုးအစား(၅၇)မျိုးရှိပါတယ်။ ဒါကို ကြည့်ချင်းအားဖြင့် ကျွန်တော်တို့ ငါးဖမ်းအကွက်လိုက် ငါးအမျိုးအစားတွေဟာ မတူညီကြသလို အခေါ်အဝေါ်များအား ဖြင့်လည်း မတူညီကြပါဘူး။ ဥပမာအားဖြင့် ပြောရမယ်ဆိုရင် ရခိုင်ပြည်နယ်မှာရှိတဲ့ ကျွန်တော်တို့ နာမည်ကြီးတဲ့ ငါးနီတူဆိုရင် ကျွန်တော်တို့ တနင်္သာရီမှာကျတော့ ရေချိန်ငယ်လို့ ခေါ်ပါတယ်။ အဲဒါ ကျွန်တော်တို့ အခေါ်အဝေါ်အားဖြင့် မတူသလို သဘာဝအားဖြင့်လည်း အနည်းငယ် ကွဲပြားပါတယ်။ ဒါလေး ကျွန်တော် ဥပမာအားဖြင့် ပြောတာပါ။ အဲဒီတော့ လက်ရှိကာလမှာရော ကျွန်တော်တို့ ဘာတွေလုပ်နေလဲ၊ ငါးမဖမ်းရရာသီ ငါးသားပေါက် Closed Season မသတ်မှတ်ထားဘူးလားဆိုရင် သတ်မှတ်ထားပါတယ်။ ဒါပေမဲ့ အဲလိုသတ်မှတ်တဲ့ဟာသည် ကျွန်တော်တို့က ဘယ်လတွေမှာ သတ်မှတ်လဲဆိုတော့ တစ်နှစ်ထက်တစ်နှစ် တူညီမှုမရှိပါဘူး။ မေလ၊ ဇွန်လ၊ ဇူလိုင် (၃)လသတ်မှတ်တာ ရှိတယ်။ ဇွန်၊ ဇူလိုင်၊ ဩဂုတ် ဆိုပြီးတော့ သတ်မှတ်တာရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်ရဲ့ ဆရာမကြီး တစ်ဦးဖြစ်တဲ့ ကျွန်တော်တို့ မြိတ်တက္ကသိုလ်က အဏ္ဏဝါသိပ္ပံဌာနက ကျွန်တော်တို့ ပါမောက္ခပြောဖူးတဲ့ ဒေါက်တာနန်းမြဟန် ပြောဖူးတဲ့ စကားအရဆိုရင် အဲဒီကာလပိတ်တာသည် ကျွန်တော်တို့ ငါးအတွက် ပိတ်တာ မဟုတ်ပါဘူး။ လူအတွက် ပိတ်တာပါ။ အဲဒီတော့ ငါးကွက်က ငါးက တစ်မျိုးနဲ့တစ်မျိုးဟာ ငါးသားပေါက်တဲ့ ငါးဥ ဥတဲ့ အချိန်မတူညီကြပါဘူး။ ဒါလေးကိုလည်း ကျွန်တော် ထောက်ပြခြင်း ဖြစ်ပါတယ်။

ပြီးတော့ ငါးသားပေါက်ရာသီ လက်ရှိကာလမှာ သတ်မှတ်ထားပြီး ဖြစ်သော်လည်းပဲ ဒီကမ်းဝေးငါးဖမ်းလှေတွေကို ကျွန်တော်တို့က Pre Cent အလိုက် ခွင့်ပြုထားပါတယ်။ ဥပမာအားဖြင့် (၅၀)ရာခိုင်နှုန်း မဖမ်းရတို့၊ (၄၀)ရာခိုင်နှုန်းမဖမ်းရ၊ ဥပမာ(၄၀)(၆၀)ဆိုရင် (၆၀)ကပိတ်မယ်၊ (၄၀)က ဖွင့်မယ်၊ (၇၀)ကပိတ်မယ်၊ (၃၀)ကဖွင့်မယ် ဆိုပြီးတော့ လက်ရှိကာလမှာ အဲလိုမျိုးပဲ သွားနေပါတယ်။ အဲဒီတော့ အကြောင်းပြတာ ဝန်ကြီးဌာနကို အကြောင်းပြတာ စီးပွားရေးသမားတွေ အကြောင်းပြတာက ဘာလဲဆိုတော့ ရေလုပ်သားတွေရဲ့ အလုပ်အကိုင်မဲ့သွားမယ်။ အဲဒီ(၃)လမှာ အလုပ်အကိုင်မဲ့သွားမယ်

ဆိုတဲ့ အကြောင်းပြချက်ပေးပါတယ်။ ဒါလေးလည်း ကျွန်တော် လက်ရှိအခြေအနေလေးကို ကျွန်တော် ရှင်းပြခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက ဒီငါးဖမ်းလှေတွေမှာ တရားမဝင်လိုင်စင်မဲ့ ငါးဖမ်းလှေတွေ အများကြီး ရှိပါတယ်။ အဲဒါတောင်မှာ ကျွန်တော် သေချာစစ်ဆေးနိုင်ခြင်း မရှိသေးပါဘူး။ ပြီးတော့ ဒီစက်လှေ ရပ်နားတဲ့အချိန်မှာလည်း ဒီကျွန်တော်တို့ တနင်္သာရီတိုင်းနဲ့ပြောမယ်ဆိုရင် ကျွန်းပေါင်း(၈၀၀)ကျော်ရှိ ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနကို စာရင်းသွားတင်ပြီဆိုရင် ကျွန်တော့်လှေ(၅)စီးကတော့ ဘယ်ရွာမှာ ဘယ်ကျွန်းမှာ ထားထားပါတယ်ဆိုတာ၊ တကယ့်တကယ် အဲဒီရွာတွေကို လိုက်စစ်ဖို့ဆိုရင် (၃)လ အချိန် မလောက်ပါဘူး။ ဒါလေးလည်း ကျွန်တော် Highlight လုပ်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ အဲလိုမျိုး သေချာမစိစစ်နိုင်ဘဲနဲ့ ရာခိုင်နှုန်းအလိုက် ခွင့်ပြုမယ်ဆိုရင်တော့ ထူးခြားချက်ရှိမယ်လို့ မထင်ပါဘူး။ ပြီးတော့ ပင်လယ်ပြင်မှာရှိတဲ့ ငါးသားပေါက်ဖွားမှုကိုလည်း များစွာအကျိုးဖြစ်ထွန်းမှု ရှိမှာလည်း မဟုတ်ပါဘူး။ အဲဒီတော့ ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာပဲ Debate လုပ်သွားတဲ့ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ပြောပါတယ်။ ပင်လယ်ပြင်ကြီးဟာ ကျွန်တော်တို့ မြန်မာ့ပင်လယ် ပြင်ကြီးဟာ (၉၀)ရာခိုင်နှုန်း ပျက်စီးနေပြီး အဲဒီ(၉၀)ရာခိုင်နှုန်းပျက်စီးနေတဲ့ ပင်လယ်ပြင်ကြီးကို ဘယ်လိုမျိုး ပြန်လည်ထိန်းသိမ်းမလဲဆိုတဲ့ဟာလေးဟာ ကျွန်တော်တို့ စဉ်းစားဖို့လိုပါတယ်။ စီးပွားရေး သမားတွေ ပြောတဲ့အတိုင်းသာ လုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့ ပျက်စီးဆုံးရှုံးမှုသာ ထပ်ပြီးတော့ များပြားလာပါလိမ့်မယ်။

အဲဒီတော့ ကျွန်တော်တို့က ဘာလုပ်ရမလဲ၊ ငါးဖမ်းကွက်အလိုက် ဒါမှမဟုတ် ကျွန်တော်တို့ ဒေသအလိုက် ငါးအမျိုးအစားတွေကို ကျွန်တော်တို့ သုတေသန ပြုသင့်တယ်။ အဲလို သုတေသန ပြုပြီးတော့ ရရှိလာတဲ့ စစ်တမ်းအရသာလျှင် ငါးမဖမ်းရ ဧရိယာသတ်မှတ်ရမယ်။ ကာလ သတ်မှတ် ရမယ်။ အဲလို သတ်မှတ်ထားပြီးတော့ ငါးသားပေါက်ရာသီမှာ ငါးမဖမ်းရ နယ်မြေသတ်မှတ်ပြီးပြီဆိုရင် ကမ်းဝေးငါးဖမ်းလှေတွေကို သတ်မှတ်ထားတဲ့ (၃)လသော်လည်းကောင်း၊ (၄)လသော်လည်းကောင်း အဲဒီကာလမှာ ကျွန်တော်တို့ တစ်စီးမှ ကျွန်တော်တို့ ပေးဖမ်းခွင့် မပြုရပါဘူး။ ရာခိုင်နှုန်းအလိုက် ခွင့်တောင်းခံခြင်းကို ကျွန်တော်တို့ လုံးဝ ခွင့်မပြုသင့်ပါဘူး။ သုည ရာခိုင်နှုန်းသာ ဖြစ်သင့်ပါတယ်။ အဲဒီတော့ အဲ့လို တားမြစ်ထားပြီးပြီ။ အဲ့လို လုပ်မယ်ဆိုရင်လည်း တားမြစ်ချက်ကို မလိုက်နာတဲ့ ငါးဖမ်းစက်လှေတွေကိုလည်း ထိထိရောက်ရောက် အပြစ်ပေး၊ အရေးယူဖို့ လိုပါတယ်။ အခုချိန်မှာ အပြစ်ပေးမှု မရှိဘူးလားဆိုတော့ ရှိပါတယ်။ သိန်း(၅၀၀၀)လောက်တန်တဲ့ စက်လှေကြီးတစ်စီးကို အပြစ်ပေးတာ သိန်း(၃၀)နှင့် စည်းပျက် ဆိုပြီးတော့ ဒဏ်ရိုက်ပါတယ်။ အဲဒီတော့ သိန်း(၃၀)ဆိုတာ စီးပွားရေးသမားတွေအတွက် ငါးပိုက်တစ်ပျက်စာမရှိပါဘူး။ အဲဒီတော့ ထိရောက်တဲ့ အပြစ်ပေးမှုတွေ လိုပါတယ်။ ထိထိရောက်ရောက် ကျွန်တော်တို့ ဖြစ်နိုင်ရင် ထောင်ဒဏ်၊ ငွေဒဏ်ကအစ ကျွန်တော်တို့ ပြဋ္ဌာန်းဖို့ လိုပါတယ်။

သို့ပါသောကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းဟာ မြန်မာ့ရေပိုင်နက်အတွင်း မှာရှိတဲ့ အနာဂတ်မြန်မာ့ပင်လယ်ပြင်မှာ ငါးမျိုးစုများ ဆက်လက်ရှင်သန်တိုးပွားရေးနှင့် ငါးသယံဇာတ

များ ပြန်နှုန်းတီးမှုကို ကာကွယ်ဖို့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနှင့် ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၇။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မေးမြန်းတဲ့ မေးခွန်းလေးခုနဲ့ စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော့်အနေနဲ့ တစ်ခုချင်း ပြန်လည် ဖြေကြားပေးပါမယ်။ ပထမမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ရဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ကို အပေါင်ထားပြီး လယ်ယာစိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးများ ရရှိစေရန် ချေးငွေများ ထုတ်ချေးမည့် အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုပေးသော ဘဏ်များ တည်ထောင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ရဲ့ ဖြေကြားချက်နှင့်အတူ ရှင်းလင်းဖြေကြားပေးပါမယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်နှင့် စပ်လျဉ်းပြီး ဘဏ်ငွေကြေးဆိုင်ရာ ကိစ္စနဲ့ ပတ်သက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ မြန်မာနိုင်ငံမှာ ဆန်စပါး အများဆုံး ထွက်ရှိပြီး လယ်ယာထွက်ကုန် အဓိကဆောင်ရွက်နေတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတကာ အစိုးရမှ အစုရှယ်ယာများ ပေါင်းစပ်ပါဝင်တဲ့ တောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်တွေကို ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးနဲ့ စပ်လျဉ်းပြီးတော့ လိုအပ်တဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ ယခင်အစိုးရလက်ထက် ၂၀၁၄၊ ဇူလိုင်လမှာ တောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်တွေ ဖွဲ့စည်းတည်ထောင်လုပ်ကိုင်ခြင်းနှင့်ဆိုင်တဲ့ စည်းမျဉ်းကို ထုတ်ပြန်ပေးခဲ့ပါတယ်။ အဆိုပါ စည်းမျဉ်းအပိုဒ် ၁၈ အရဆိုရင် တောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်ဟာ တောင်သူလယ်သမားတစ်ဦးချင်း၊ တောင်သူလယ်သမား အစုအဖွဲ့အလိုက်၊ ရာသီအလိုက် ချေးငွေ၊ နှစ်ချင်းဆပ်ငွေ၊ နှစ်လတ်နှင့်နှစ်ရှည်ချေးငွေများ၊ စာရင်းပိုထုတ်ချေးငွေများ ဖြည့်ဆည်းပေးတဲ့ကိစ္စ၊ ဘဏ်နဲ့ဆက်သွယ်ဆောင်ရွက်သူများကို အပ်ငွေစာရင်းနဲ့ စုဆောင်းမှုအပ်ငွေစာရင်းများ ဖွင့်လှစ်ပေးခြင်း၊ လယ်ယာထွက်ကုန်ပစ္စည်း သို့မဟုတ် အခြားစိုက်ပျိုးရေးသီးနှံများ ဈေးကွက်မြင့်တင်ဖို့ ငွေရေးကြေးရေး အကူအညီပေးခြင်း၊ တောင်သူတွေရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငွေကြေးဝန်ဆောင်မှုပေးခြင်း၊ လယ်ယာလုပ်သားနှင့် ကျေးလက်နေ အခြေခံလူတန်းစားတွေအတွက် ချေးငွေထုတ်ပေးခြင်းနဲ့ လယ်ယာနဲ့ သားငါးလုပ်ငန်းဆိုင်ရာ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းတွေ အာမခံရယူပြီးတော့ ချေးငွေတွေ ထုတ်ပေးဆောင်ရွက်စေခဲ့ပါတယ်။

ဒါကြောင့် တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ကို အာမခံထားပြီး ဘဏ်လုပ်ငန်း လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးငွေများ ရယူနိုင်ကြောင်း တင်ပြအပ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများဟာ မိမိတို့ရဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ အဆိုပါ တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်တွေ ဖွင့်လှစ်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် စီမံပေးနိုင်ကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိအခြေအနေမှာ တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် ဖွဲ့စည်းလုပ်ပိုင်ခွင့်ကို စိစစ်ခွင့်ပြုပေးလျက်ရှိရာမှာ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလကစပြီး ဧရာဝတီတိုင်းဒေသကြီးမှာ ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် (Aya Bank) ကို ဘဏ်လုပ်ငန်းလိုင်စင် ထုတ်ပေးပြီးတော့ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်စေလျက် ရှိပါတယ်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးမှာလည်းပဲ တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်တွေ တစ်ဘဏ်စီ မကြာမီ ဖွင့်လှစ်နိုင်ရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိ ပုဂ္ဂလိကဘဏ်(၄)ဘဏ်အနက်မှ ဧရာဝတီဘဏ်၊ ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်တို့ဟာ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်နှင့် နေပြည်တော်မှာ မြစိမ်းရောင်စီမံကိန်းတို့မှာ လယ်ယာလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ကို အာမခံရယူပြီးတော့ တောင်သူလယ်သမားများကို ချေးငွေများ ထုတ်ပေးလျက်ရှိကြောင်း သိရပါတယ်။

သို့သော်ငြားလည်းပဲ တိုင်းဒေသကြီး၊ ပြည်နယ်အနှံ့မှာ ယခုကဲ့သို့ တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်များ ဖွင့်လှစ်ပေးနိုင်ရေးအတွက်ကို လိုအပ်ချက်ရှိနေဆဲဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၁) နှင့် ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့က အတည်ပြု ပြဋ္ဌာန်းပေးလိုက်တဲ့ လယ်ယာမြေဥပဒေမှာလည်းပဲ သူရဲ့ အခန်း(၃)နှင့် နည်းဥပဒေအခန်း(၅)မှာ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်ကို သတ်မှတ်ထားတဲ့ စည်းကမ်းချက်နှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်များ ခွင့်ပြုပေးထားပြီး ဖြစ်ပါတယ်။

အထက်ပါ ပြဋ္ဌာန်းချက်တွေမှာ ယနေ့ ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်နိုင်ဖို့အတွက် လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကိုလည်းပဲ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိပြီးဖြစ်ပါတယ်။ လိုအပ်တဲ့ ဥပဒေကြောင်းဆိုင်ရာ သဘောထားမှတ်ချက်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားကို ရယူသွားပြီးတော့ ပြင်ဆင်တဲ့ ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ကို တင်ပြဆောင်ရွက် အတည်ပြုပြီးတဲ့နောက်မှာ အဆိုပါ ကိစ္စရပ်တွေကို အလေးထားဆောင်ရွက်သွားဖို့လည်းပဲ ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒါကြောင့်မို့လို့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) အပေါင်ထားပြီး လယ်ယာစိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးများ ရရှိစေဖို့ ချေးငွေတွေ ထုတ်ချေးပေးမယ့် အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်

ပြုတဲ့ဘဏ်များ တည်ထောင်ဖွင့်လှစ်ပေးရန် အစီအစဉ်နှင့်ပတ်သက်ပြီးတော့ တင်ပြပါ၊ ဘဏ်ငွေကြေးဆိုင်ရာ ကိစ္စနဲ့ပတ်သက်ပြီး ဗဟိုဘဏ်ကလည်းပဲ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ- ၇) ကို အာမခံချက်ရယူပြီး တောင်သူတွေကို ချေးငွေထုတ်ပေးနိုင်မယ့် ဖွံ့ဖြိုးရေးဘဏ်တွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖွင့်လှစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုး ရဲ့ မိမိဒေသမှ ပြည်သူတွေရဲ့ သောကပူပင်မှုတွေကို မရှိစေရေးအတွက် မေးမြန်းတဲ့ ဒီမေးခွန်းကို ကျေးဇူးအထူးပင် တင်ရှိပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်ဟာ မြစ်ငယ်၊ ချောင်းငယ်တွေပေါပြီး မုတ္တမပင်လယ်နှင့် ထိစပ်တဲ့ဧရိယာ ဖြစ်ပါတယ်။ ပင်လယ်ဒီရေအတက်အကျရှိပြီးတော့ ရေငန်ဝင်ရောက်တဲ့ ဒေသလည်း ဖြစ်ပါတယ်။ သဘာဝမြေပြင်အနေအထားအရ ရေမျက်နှာပြင်နိမ့်တဲ့ ရေကြီးကွင်း၊ ရေနက်ကွင်းတွေ ဖြစ်ပြီး မိုးများတဲ့ ဒေသဖြစ်တဲ့အလျောက် စိုက်ပျိုးမြေအများစုဟာ မိုးရာသီမှာ ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံစားရပြီး နွေရာသီမှာ ရေငန်ဝင်ရောက်ခြင်းဖြစ်ပေါ်ပြီး ထိခိုက်ဆုံးရှုံးမှုများ ရှိနေပါတယ်။

ကျောက်တန်းမြို့နယ်အတွင်း ပါဒကြီးချောင်းပေါ်မှာ ၂၀၁၆ ကနေစတင် တည်ဆောက်ခဲ့တဲ့ ပါဒကြီးရေတံခါးဟာ မြို့နယ်ရဲ့ အရှေ့ဘက်ခြမ်း မှော်ဝန်းချောင်းမြောက်ဘက်ခြမ်းမှာရှိတဲ့ ကြာကန်၊ ရေကျော်၊ ဆေးလုံးကြီး၊ ချောင်းစောက်၊ ညောင်ဝိုင်း၊ ကန်ပြောင်၊ ပါဒကြီး၊ ပီလခတ်နှင့် သောင်ကြီး ကျေးရွာများမှာရှိတဲ့ မိုးစပါးစိုက်ဧက(၄၅၀၀)ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးဖို့နှင့် နွေရာသီမှာ ရေချိုသိုလှောင်ပေးနိုင်ဖို့ ရည်ရွယ်ပြီး တည်ဆောက်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ မြစ်ဝကျွန်းပေါ်ဖြစ်ပြီး ရေငန်ဝင်ရောက်တဲ့ ဒေသတွေမှာ ရေကြီးနစ်မြုပ်မှု လျော့နည်းစေရေးအတွက် ချောင်းကော၊ မြောင်းကောများ တူးဖော်ခြင်း လုပ်ငန်းအပြင် အဆိုပါ ချောင်းတွေရဲ့ ရေစီးရေလာနှင့် ရေဝင်ရေထွက် အခြေအနေတွေကို ထိရောက်စွာ ထိန်းညှိဆောင်ရွက်ပေးနိုင်ဖို့အတွက် ရေထိန်းတံခါးတွေကိုလည်း လိုအပ်သလို ထည့်သွင်း တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

ကျောက်တန်းမြို့နယ် အရှေ့ဘက်ခြမ်းမှာရှိတဲ့ တင်ပြပါကျေးရွာတွေဟာ နှစ်စဉ် မိုးရာသီရောက်တိုင်းမှာ မိုးစပါးစိုက်ခင်းများ ရေကြီးနစ်မြုပ်ပြီး ဒေသနေပြည်သူတွေက ဒီ ရေတံခါး တည်ဆောက်ပေးဖို့ တောင်းဆိုခဲ့တဲ့အတွက် ရေတံခါးတည်ဆောက်နိုင်ဖို့ ဖြစ်မြောက်နိုင်စွမ်း အခြေအနေ (Feasibility Study)ကို ပဏာမကွင်းဆင်း လေ့လာဆောင်ရွက်ခဲ့ပါတယ်။ ပါဒကြီးချောင်းအလျား (၃.၄)မိုင်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းမှာ တူးဖော်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ရေတံခါး တည်ဆောက်ဖို့အတွက် ကွင်းဆင်းလေ့လာခဲ့တဲ့အခါမှာ မြို့နယ်အရှေ့ဘက်ခြမ်း ဧရိယာတွေဟာ မိုးရာသီအတွင်း ကွင်းရေတွေကို အနီးစပ်ဆုံးဖြစ်တဲ့ မှော်ဝန်းချောင်းအတွင်းကို အဓိက ထုတ်နုတ်ပေးတဲ့ ချောင်းမကြီးဖြစ်ခြင်း၊ မိုးရာသီမှာ ရေထုတ်နုတ်ပေးနိုင်ဖို့ လုံလောက်တဲ့ချောင်းအကျယ်နှင့် ချောင်းကြမ်းပြင်အလျှော့ရှိတဲ့အတွက် မိုးစပါးစိုက်ဧက ဧက(၄၅၀၀)ခန့်ကို ရေကြီးနစ်မြုပ်မှု ကောင်းစွာ ကာကွယ်ပေးနိုင်ခြင်း၊ ဧရိယာနဲ့ကပ်လျက် သန်လျင်မြို့နယ် အရှေ့ခြမ်းမှာရှိတဲ့ ဘော့ချောင်းတာ၊ ဆေးလုံးကြီး

ချောင်းစောက်တာအကြားမှ ဧရိယာဟာ ယခင် စပါး(၂) စီမံကိန်းဖြင့် ဆောင်ရွက်ထားပြီး အောင်မြင်စွာ အကျိုးပြုလျက်ရှိခြင်းဖြင့် စတဲ့အကြောင်းတရားတွေကြောင့် လုပ်ငန်းဆောင်ရွက်ရန် ဖြစ်မြောက်နိုင် စွမ်းအနေနှင့် အသေးစိတ် ဒီဇိုင်းတွေ တွက်ချက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

တည်ဆောက်ရမယ့် ဒီဇိုင်းပုံစံအရ လိုအပ်ရန်ပုံငွေကိုလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေကနေပြီးတော့ ကျခံသုံးစွဲနိုင်ရေးအတွက် ဒုတိယအကြိမ် ပထမ ပုံမှန်အစည်းအဝေးမှာလည်းပဲ အဆင့်ဆင့် ခွင့်ပြုပြီးတော့ ရယူခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်တဲ့ ဦးဇော်မိုးလွင် နှင့် ဒေါ်သက်သက်မူ တို့ဟာ မိမိတို့ ဆည်မြောင်း ဦးစီးအရာရှိ သန်လျင်၊ ကျောက်တန်းရုံးကို လာရောက်ပြီး ကျောက်တန်းမြို့နယ်နှင့် ပတ်သက်တဲ့ ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို ဆွေးနွေးကြတဲ့အခါမှာ ပါဒကြီးရေတံခါး တည်ဆောက်ခြင်းလုပ်ငန်း ကိုလည်း ထည့်သွင်းရှင်းလင်း ဆွေးနွေးခဲ့ကြပါတယ်။

အဲဒီနောက် ပါဒကြီးရေတံခါးတည်ဆောက်မှုနှင့် ပတ်သက်ပြီး ကျောက်တန်းမြို့နယ် တိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ သန်လျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့ဟာ ၂၀၁၆ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှာ ပါဒကြီးကျေးရွာမှာ ဒေသခံပြည်သူတွေနဲ့ တွေ့ဆုံပြီး ပါဒကြီးရေတံခါးကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေ ခွဲဝေရရှိပြီးဖြစ်တဲ့အတွက် ဆောင်ရွက်သွား ဖို့ ပါဒကြီးချောင်းမှာ နှစ်စဉ် နွေအခါ ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာနက ရေငန် နုန်းတား မြေသားတမံပိတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရပြီး နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ နုန်းတာတမံတည်ဆောက်ဖို့ မြေရယူရန် အခက်အခဲရှိလာတဲ့အတွက် ရေတံခါးကို အခိုင်အမာ တည်ဆောက်ပေးရန် တင်ပြလာမှုအရ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရှိပါတယ်။ ရေတံခါး တည်ဆောက်ပြီးလို့ရှိရင် နွေရာသီတွင် မှော်ဝန်းချောင်းမှ ပြင်ပရေငန်ဝင်ရောက်မှုကို တားဆီးကာကွယ် ပေးမည့်အပြင် မိုးရာသီ ကွင်းရေတွေကိုလည်းပဲ လိုအပ်သလို ထိန်းညှိထုတ်နုတ်ပေးနိုင်မည် ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မည့်နေရာအထိ ခေါ်ယူရှင်းလင်းဆောင်ရွက် ခဲ့ကြောင်း သိရှိရပါတယ်။

ကျောက်တန်းမြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တွေ့ဆုံပွဲ ကိုလည်းပဲ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှာ ကျောက်တန်းမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းခန်းမမှာ ကျင်းပခဲ့ပါတယ်။ တောင်သူ ဦးဇော်ဦး မှ မိုးရာသီမှာ ရေကျော်၊ ကြာကန်ကျေးရွာများမှ ကွင်းရေတွေကို ထုတ်လုပ်ဖို့နှင့် နွေရာသီမှာ ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ် နိုင်ရန်အတွက် ရေတံခါး(၁)လုံး တည်ဆောက်ပေးစေလိုကြောင်း တင်ပြခဲ့ရာမှာ အဆိုပါ ကျေးရွာတွေဟာ လယ်ယာမြေ တွေအနေနဲ့ အနိမ့်ကွင်းများဖြစ်တဲ့အတွက် လတ်တလောအနေနဲ့ ကြာကန်-ကန်ပြောင် ကားလမ်း မိုင်တိုင်(၂/၆)ကနေ(၃/၇)အတွင်း လမ်းဘေးမြောင်းကို ပြန်လည်တူးဖော်ပေးမှာဖြစ်ပြီး တူးဖော်ပြီးပါက ကွင်းရေအား ထုတ်နုတ်ပေးနိုင်မည်ဖြစ်တဲ့အတွက် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေး နိုင်မည်ဖြစ်ပါကြောင်းနှင့် ကြာကန်၊ ရေကျော်၊ ဆေးလုံးကြီး၊ ချောင်းစောက်၊ ညောင်ဝိုင်း၊ ကန်ပြောင်၊ ပါဒကြီး၊ ပီလခတ်နှင့် သောင်ကြီးကျေးရွာတွေမှ ကွင်းရေများ ထုတ်နုတ်ပေးဖို့နဲ့ ရေငန်ဝင်ရောက်မှုမှ

ကာကွယ်နိုင်ဖို့အတွက် ပါဒဝချောင်းထိပ်မှာ ပါဒကြီးရေတံခါးကို ၂၀၁၆-၂၀၁၇ ခုနှစ်၊ တိုင်းဒေသကြီး ရန်ပုံငွေနှင့် တည်ဆောက်ပေးနိုင်ရန် ဆောင်ရွက်ထားပါကြောင်း ဌာနအနေနဲ့လည်းပဲ အဆိုပါ အခြေအနေမှာ ပြန်လည်ရှင်းလင်း အသိပေးဆွေးနွေးခဲ့ပါတယ်။

ဒါ့အပြင် ၂၀၁၇ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာလည်းပဲ ကျောက်တန်းမြို့နယ်၊ ပါဒကြီးကျေးရွာ ဓမ္မာရုံမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် ထပ်မံတွေ့ဆုံပြီး ရေတံခါး တည်ဆောက်ရန် လိုအပ်လို့ ပြည်သူတွေတင်ပြမှုအရ ဆောင်ရွက်ခဲ့ရတဲ့ အခြေအနေများ၊ ရေတံခါး တည်ဆောက်ခြင်းဖြင့် ဒေသတွင်း အကျိုးဖြစ်ထွန်းမှုအခြေအနေများ၊ ပါဒကြီးရေတံခါး၊ ပါဒကြီးချောင်း နှင့် ဆက်စပ်လျက်ရှိတဲ့ ရေနုတ်မြောင်းများကို လိုအပ်သလို ကွင်းဆင်းလေ့လာပြီး ရန်ပုံငွေ တင်ပြ တောင်းခံကာ ဆက်လက်စီမံ ဆောင်ရွက်ပေးသွားမည့် အခြေအနေကိုလည်း ရှင်းလင်းဆွေးနွေးခဲ့ ကြပါတယ်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဤကဲ့သို့ ရှင်းလင်းအသိပေး ဆွေးနွေးခဲ့မှုအပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်များနှင့် တောင်သူများမှ မည်သို့မျှ ပြန်လည် မှတ်ချက် ပြုဆွေးနွေးခဲ့ခြင်း မရှိသည့်အပြင် လက်ရှိကာလအထိလည်း ဒေသခံတောင်သူများဘက်မှ ကန့်ကွက်ခြင်း မရှိခဲ့ကြောင်းလည်း သိရပါတယ်။ ယခု ပါဒကြီးရေတံခါးတည်ဆောက်ခြင်းဟာ ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီး ဖြစ်ပါတယ်။ ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခြင်းဖြင့် မြို့နယ် အရှေ့ ဘက်ခြမ်း ကျေးရွာတွေမှ လယ်မြေဧက(၄၅၀၀)ကိုလည်းပဲ ရေကြီးနစ်မြုပ်မှုကို လျော့ပါးသက်သာစေ ခဲ့ပြီ ဖြစ်ပါတယ်။ ရေငန်ဝင်ရောက်မှုမှလည်းပဲ ကာကွယ်ပေးနိုင်တဲ့အပြင် ရေချိုထိန်းသိမ်းထားနိုင်မှု ကြောင့် နွေရာသီတွင် တိုးချဲ့စိုက်ပျိုးလာနိုင်ပြီးတော့ ဒေသရဲ့ လူမှုအကျိုးစီးပွားများကို များစွာ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျောက်တန်းမြို့နယ်တွင် တည်ဆောက်လျက်ရှိတဲ့ ပါဒကြီးရေတံခါးဟာ ဒေသခံတောင်သူများရဲ့ လိုအင်ဆန္ဒအရ တင်ပြမှုအပေါ် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်များမှလည်းပဲ ရန်ပုံငွေ စိစစ်ခွင့်ပြုခဲ့တဲ့လုပ်ငန်း ဖြစ်ပါ ကြောင်းနှင့် ရန်ပုံငွေ ခွဲဝေရရှိပြီးတဲ့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြည်သူလူထုကို ပွင့်လင်းမြင်သာစွာ အသိပေးရှင်းလင်းဆွေးနွေးပြီးမှ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့သလို တည်ဆောက်ပြီးတဲ့လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် မိမိတို့မှာရှိတဲ့ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းကနေပြီးတော့ ကြီးကြပ်စီမံပြီး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ တတိယမေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကိုယ်စား ဖြေကြားပေး

ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းဖြစ်တဲ့ ဝေါမြို့နယ်၊ မိုးနတ်ကျေးရွာနှင့် သနပ်ပင်မြို့နယ်၊ မင်းရွာသို့ ဆက်သွယ်ထားတဲ့ မိုးနတ်-မင်းရွာ မြို့နယ်ချင်းဆက် ကိုယ်ထူကိုယ်ထ မြေသားလမ်း (၃)မိုင် (၂)ဖာလုံကို ရာသီမရွေး အသုံးပြုနိုင်သည့် ကုန်ထုတ်လမ်းမကြီးအဖြစ် ပြုပြင်တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်၊ မိုးနတ်ချောင်းကျေးရွာနဲ့ သနပ်ပင်မြို့နယ်၊ မင်းရွာကို ဆက်သွယ်ထားတဲ့ အရှည် (၃/၂)မိုင်ရှိတဲ့ မြေသားလမ်းဟာ ဝေါမြို့နယ်အရှေ့ဘက်ခြမ်းမှာ (၁/၁)မိုင်နှင့် သနပ်ပင်မြို့နယ်အရှေ့ဘက်ခြမ်းမှာ (၂/၁)မိုင်ရှိတဲ့ မြို့နယ်ချင်းဆက်လမ်း ဖြစ်ပါတယ်။ လမ်း၏ လက်ရှိအခြေအနေမှာ (၃/၂)မိုင်၊ (၈ ပေ x ၄ ပေ)ရှိပြီး လမ်းတစ်ဘက်တစ်ခြမ်းမှာ မင်းရွာမှ မိုးနတ်ရွာ လမ်းတစ်လျှောက် လျှပ်စစ်ဓာတ်တိုင်များ စိုက်ထူသွယ်တန်းထားရှိပါတယ်။

ဒါ့အပြင် လမ်းတစ်လျှောက် အလှူရှင်များမှ လှူဒါန်းတဲ့ (၁၀)ပေ အရှည်ခန့် တံတား(၂) စင်းနှင့် တံတားငယ်(၁၂)စင်းရှိပါတယ်။ မိုးနတ်-မင်းရွာ ကျေးရွာချင်းဆက်လမ်းရဲ့ လက်ရှိအခြေအနေမှာ အကျယ်(၈)ပေခန့်သာရှိလို့ လမ်းအကျယ်(၁၈)ပေရဖို့အတွက် လျှပ်စစ်ဓာတ်တိုင်များ စိုက်ထူထားသည့်ဘက်ခြမ်းမှ တိုးချဲ့ ဆောင်ရွက်ရန်မဖြစ်နိုင်တဲ့အလျောက် ကျန်တစ်ဘက်ခြမ်း(၃/၂)မိုင် လမ်းတစ်လျောက်ရှိ လမ်းမြေများကို အကျယ်တိုးချဲ့ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဆိုပါလမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ လမ်းဖောက်လုပ်ဖို့အတွက် ပထမဦးစွာ (၃/၂)မိုင်၊ (၁၈ x ၂)ပေ မြေသားချဲ့လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်လို့ ခန့်မှန်းကုန်ကျငွေကတော့ ကျပ်သန်းပေါင်း(၇၀)ကျော် ဖြစ်ပါတယ်။

ဝေါမြို့နယ်၊ မိုးနတ်ကျေးရွာနှင့် သနပ်ပင်မြို့နယ်၊ မင်းရွာကို ဆက်သွယ်ထားတဲ့ မြို့နယ်ကျေးရွာချင်းဆက် မြေသားလမ်းရဲ့ လက်ရှိလမ်းအကျယ်ဟာ (၈)ပေခန့်သာရှိသဖြင့် သတ်မှတ်မြေသားလမ်းအကျယ်(၁၈)ပေ တိုးချဲ့ဆောင်ရွက်နိုင်ဖို့အတွက် လမ်းတစ်ဖက်ခြမ်းတစ်လျှောက်မှာရှိတဲ့ လယ်မြေများပိုင်ဆိုင်တဲ့ လယ်ပိုင်ရှင်များနှင့် ဆွေးနွေးမှုများပြုလုပ်ပြီး လယ်ပိုင်ရှင်များက လှူဒါန်းပေးမှသာ ရာသီမရွေးသွားလာနိုင်တဲ့ ကုန်ထုတ်လမ်းမကြီးအဖြစ် ဆက်လက် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရဲ့ မူလလျာထားလုပ်ငန်းစာရင်းမှာ ပါဝင်ခြင်းမရှိပါသော်လည်းပဲ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးတဲ့ အခြေအနေ ဖြစ်ပါတယ်။ လိုအပ်ချက်ရှိလာပါက တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း ရဲ့ မြန်မာ့ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး ယခုလိုမေးမြန်းတဲ့မေးခွန်းအပေါ် ဝန်ကြီးဌာနအနေနဲ့ များစွာကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။ မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်နေတဲ့ ကမ်းဝေး၊ ကမ်းနီး

ငါးဖမ်းရေယာဉ်များအား စနစ်တကျ စီမံခန့်ခွဲ ကြီးကြပ်ဆောင်ရွက်နိုင်ဖို့အတွက် တည်ဆဲ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဦးစီးဌာနအနေနဲ့ နိုင်ငံတကာနဲ့ ဒေသတွင်းငါးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ အကူအညီတွေကို ရယူပြီး မြန်မာ့ပင်လယ် ငါးသယံဇာတတည်ရှိမှုကို နော်ဝေနိုင်ငံမှ သုတေသနရေယာဉ်နဲ့ ၁၉၇၈-၁၉၇၉ မှာ တစ်ကြိမ်၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များမှာ BOBLME Project နဲ့ Norwegian Agency for Development Cooperation - NORAD အထောက်အပံ့နှင့် မြန်မာနိုင်ငံငါးလုပ်ငန်း ရေပြင်မှာ သိပ္ပံနည်းကျငါးလုပ်ငန်းနဲ့ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲ စစ်တမ်းကောက်ယူခြင်းကို သုတေသနယာဉ်နှင့် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ရရှိတဲ့ သုတေသနရလဒ်တွေကိုလည်းပဲ ရှင်းလင်းချပြပြီး ဖြစ်ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ငါးဖမ်းရေယာဉ်စစ်ဆေးရေးစခန်း(Check Point) တွေမှာသာ တရားဝင်မှတ်ပုံတင်ထားတဲ့ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်တွေ ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်း၊ မထွက်ခွာမီ ငါးဖမ်းကိရိယာများ စစ်ဆေးခြင်း၊ သက်ဆိုင်ရာ စုပေါင်းအဖွဲ့များနှင့် သက်ဆိုင်ရာ တာဝန်အလိုက် စစ်ဆေးခြင်းများကိုသာ ဆောင်ရွက်ပြီး ပင်လယ်ပြင်ငါးဖမ်းကွက်မှာရှိတဲ့ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ခွင့်ပြုထားခြင်းမရှိသော ငါးဖမ်းကိရိယာနှင့် ငါးဖမ်းဆီးခြင်း၊ ဥပဒေမဲ့ငါးဖမ်းဆီးခြင်းများကို စစ်ဆေးကြပ်မတ်နိုင်ဖို့ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်(ကြည်း)နဲ့ တပ်မတော်(ရေ)တို့အား စစ်ဆေးရေးမှုးတာဝန်ပေးအပ်ခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ကလည်းပဲ အမိန့်ကြော်ငြာစာနှင့် တာဝန်ပေးအပ်ထားပြီး ဖြစ်ပါတယ်။ မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ ငါးဖမ်းရေယာဉ်များ အပါအဝင် အခြားပြည်တွင်းပြည်ပရေယာဉ်များ စစ်ဆေးခြင်းနှင့် အရေးယူခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်းမှာ တရားမဝင် လိုင်စင်မဲ့တဲ့ ငါးဖမ်းဆီးခြင်းနဲ့ ပတ်သက်ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်ကနေ ၂၀၁၆-၂၀၁၇ အထိ စုစုပေါင်း ငါးဖမ်းရေယာဉ်(၇၄)စီးကို ဖမ်းဆီးရမိခဲ့ပြီးတော့ တည်ဆဲ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့် နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေအရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးတော့ တရားဝင်ငါးဖမ်းလိုင်စင်ရယူပြီး ငါးဖမ်းလုပ်ကိုင်နေသော ပြည်တွင်းပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များ သတ်မှတ်စည်းကမ်းဖောက်ဖျက်ခဲ့တဲ့အတွက် ၂၀၁၄-၂၀၁၅ ခုနှစ်ကနေ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ ပြည်တွင်းငါးဖမ်းရေယာဉ်(၅၃)စီးနှင့် နိုင်ငံခြားငါးဖမ်းရေယာဉ်(၄၆)စီးတို့ကို ဒဏ်ငွေများ ပေးဆောင်စေတဲ့ အပြင် လိုင်စင်သိမ်းဆည်းပြီး ဖမ်းဆီးခွင့် ရပ်ဆိုင်းခြင်း၊ နိုင်ငံခြားငါးဖမ်းရေယာဉ်များကို ဒဏ်ငွေပေးဆောင်စေပြီး ငါးဖမ်းဆီးခွင့် ရပ်ဆိုင်းခြင်း စတဲ့ ထိရောက်တဲ့ ပြစ်ဒဏ်များ ချမှတ်အရေးယူ ဆောင်ရွက်ခဲ့ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနဟာ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းမှာရှိတဲ့ ရေသယံဇာတတွေကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ရေရှည်သားစဉ်မြေးဆက် ဖမ်းဆီးထုတ်လုပ်

နိုင်စေဖို့၊ ပြည်တွင်းစားသုံးမှု ဖူလုံစေဖို့နဲ့ ပြည်ပပို့ကုန်တင်ပို့နိုင်စေဖို့အတွက် မူဝါဒရည်မှန်းချက် လုပ်ငန်းစဉ်များချပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်စဉ် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်းမှာ ရေငန်ငါးသယံဇာတတွေကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ဖို့အတွက် ငါးမဖမ်းရရာသီ (Closed Season) နှင့် ငါးမဖမ်းရ ဧရိယာ (Closed Area)များကို နှစ်အလိုက် သတ်မှတ်ပိတ်ပင် ဆောင်ရွက်ခဲ့ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနဟာ ငါးဖမ်းရေယာဉ်အားလုံး ရပ်နား ထားရန်နေရာ လုံလောက်မှုမရှိခြင်း၊ ရေလုပ်ငန်းဆက်နွှယ်နေတဲ့ အလုပ်သမားများ အလုပ်လက်မဲ့ မဖြစ်ဖို့၊ စက်ရုံအလုပ်ရုံများ ရပ်ဆိုင်းမသွားဖို့ ငါးစားသုံးမှုမပြတ်စေဖို့၊ နိုင်ငံခြားငါးဖမ်း ငါးခိုး ရေယာဉ် တွေ ဝင်ရောက်ဖမ်းဆီးမှုကို ကာကွယ်နိုင်ဖို့အတွက် ၂၀၁၂-၂၀၁၃ ကနေပြီးတော့ ကမ်းဝေး ငါးဖမ်းရေယာဉ် အစီးရေရဲ့ (၇၅) ရာခိုင်နှုန်းကို ဖမ်းဆီးခွင့်ပြုခဲ့သော်လည်းပဲ နှစ်စဉ် လျှော့ချ ဖမ်းဆီးခွင့်ပြုလျက်ရှိပါတယ်။

၂၀၁၅-၂၀၁၆ မှာ ငါးဖမ်းကိရိယာလုပ်ငန်းအမျိုးအစားအလိုက် (၄၀)ရာခိုင်နှုန်းအထိသာ ဖမ်းဆီးခွင့်ပြုခဲ့ပါတယ်။ မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်းရေပြင်အတွင်းမှာ သယံဇာတထိန်းသိမ်းဖို့ အတွက် ၂၀၁၆-၂၀၁၇ မှာ ငါးဖမ်းရာသီမှာ ငါးမဖမ်းရရာသီနဲ့ ငါးမဖမ်းရဧရိယာ သတ်မှတ်ခြင်းကို အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး ရရှိတဲ့ ရလဒ်တွေအရ ငါးအမျိုးအစား၊ ငါးသားပေါက်ကာလ မတူညီ ပေမယ့် ငါးလုပ်ငန်းပညာရှင်တွေရဲ့ ကွင်းဆင်းလေ့လာ အကြံပြုတင်ပြချက်များအရ ယခု ၂၀၁၇ မေ၊ ဇွန်၊ ဇူလိုင် (၃)လ အတွင်းမှာ ငါးမဖမ်းရကာလအဖြစ် သတ်မှတ်ခဲ့ပါတယ်။ မိုးရာသီမှာ ရပ်နားထားတဲ့ ဝိုင်းချုပ်ပိုက်၊ အင်္ဂလန်ကျားပိုက်၊ ကင်းမွန်နှင့် မြှုံး(ကဏန်း) ငါးဖမ်းရေယာဉ်တွေပါမကျန် ကျန်ငါးဖမ်း ရေယာဉ်များကို လုပ်ငန်းအမျိုးအစားအလိုက် ရေယာဉ်အစီးရေရဲ့ (၃၀)ရာခိုင်နှုန်းကိုသာ ငါးဖမ်းဆီး ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။ နှစ်စဉ် သယံဇာတရရှိမှုပေါ်မှာ မူတည်ပြီး ငါးဖမ်းဆီးခွင့်အား (၀)ရာခိုင်နှုန်း သို့ လျှော့ချခြင်း၊ တိုးမြှင့်ခွင့်ပြုခြင်းများ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ငါးဖမ်းရ ကာလ အတွင်းမှာ ခွင့်ပြုထားခြင်းမရှိတဲ့ စည်းကမ်းဖောက်ဖျက်ဖမ်းဆီးတဲ့ ကမ်းဝေးငါးဖမ်းရေယာဉ်တွေကို ငါးဖမ်းလိုင်စင်အား ရာသက်ပန်ပိတ်သိမ်းသည်အထိ ထိထိရောက်ရောက် အရေးယူဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လိုရင်းပဲ ပြောပါ။

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းကိုလည်း အပေါင်ထားပြီးတော့ နှစ်တို၊ နှစ်လတ် နှစ်ရှည်ချေးငွေများ ရရှိရေးအတွက်လည်း ဆောင်ရွက်နေတယ်လို့လည်း ကြားလိုက်ရပါတယ်။ နောက်ပြီးတော့ တိုင်းဒေသ ကြီးနှင့် ပြည်နယ်အစိုးရတွေရဲ့ ညှိနှိုင်းပြီးတော့ သဘောတူညီချက်အရ ဒီဘဏ်တွေကို တည်ထောင် ဖွင့်လှစ်လို့ရတယ်လို့ ကျွန်တော်နားလည်လိုက်ပါတယ်။ နောက်ပြီးတော့ အခု ကျွန်တော် လိုက်မှတ်ရ တာဆို ဧရာဝတီမှာတော့ ဘဏ်တစ်ခုဖွင့်လှစ်ပြီးပြီလို့ ကျွန်တော်မှတ်လိုက်ရပါတယ်။ နောက်တစ်ခုက စစ်ကိုင်းနဲ့ မန္တလေးမှာ မကြာမီ ဖွင့်ပေးမယ်လို့လည်း ကျွန်တော် မှတ်လိုက်ရပါတယ်။ အဲဒီတော့ ကျွန်တော် နားလည်သဘောပေါက်တာက ဒီဥပဒေအရဆိုရင် လယ်သမားတွေနှင့်အားလုံး သက်ဆိုင် တယ်လို့မြင်ပါတယ်။ အားလုံးလယ်သမားတွေ ဒါကို မျှော်လင့်နေကြပါတယ်။ အကျယ်ချဲ့ပြောစရာ

မလိုပါဘူး။ အတိုးကြီးကြီးတွေနှင့် တော်တော်ဒုက္ခရောက်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဆိုချင်တာက ဒီဥပဒေအရဆိုရင် လယ်သမားအားလုံး ဒီဥပဒေရဲ့အကျိုးကို ခံစားနိုင်ဖို့အတွက်ဆိုရင် မြို့နယ်တိုင်း၊ မြို့နယ်တိုင်းမှာ ဒီလိုဘဏ်တွေ ချေးငွေဘဏ်တွေ တည်ထောင်ပေးဖို့-------

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး လိုရင်းမေး။ ရှင်းပြစရာမလိုဘူး။ မေးခွန်းကို လိုရင်းမေး။

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ---- အားလုံးမှာ ဒီမြို့နယ်တိုင်း မြို့နယ်တိုင်းမှာ ဒီလိုဘဏ်တွေ တည်ထောင်ဖွင့်လှစ်ပေးဖို့ အစီအစဉ်ရှိ/မရှိကို မေးမြန်းလိုပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ ဆက်စပ်မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော်ရှင်းလင်းဖြေကြားပေးပါမယ်။ ကျွန်တော်တို့ လက်ရှိအခြေအနေမှာ အဓိက တောင်သူတွေလိုအပ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေပေါ့။ စိုက်ပျိုးစရိတ်ချေးငွေအတွက် ထုတ်ချေးပေးတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကလည်းပဲ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ကျွန်တော်တို့ လွှဲပြောင်းပေးပြီးတဲ့အလျောက် ဘဏ်ရဲ့ဥပဒေမှာ ပြင်ဆင်သင့်၊ ပြင်ဆင်ထိုက်တဲ့ ဥပဒေကိုလည်း ပြင်ဆင်ပြီးတော့ လိုအပ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေတွေကို ထိထိရောက်ရောက်ချေးပေးနိုင်ဖို့အတွက် Institution of Reform ဒါ ဆောင်ရွက်ဖို့ အစီအစဉ်ရှိပြီး ဖြစ်ပါတယ်။ အလားတူပဲ တစ်ဖက်က ပုဂ္ဂလိကကဏ္ဍက နေပြီးတော့ တောင်သူတွေအတွက် ချေးငွေပေးနိုင်မယ့် တောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်တွေကိုလည်းပဲ ဖွင့်လှစ်ပေးနိုင်ဖို့ ခွင့်ပြုပေးလျက်ရှိပါတယ်။

သို့သော်ငြားလည်းပဲ တောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်တွေဖွင့်လှစ်မယ့် အဖွဲ့အစည်းတွေအနေနဲ့က ၎င်းတို့ရဲ့လုပ်ကိုင်နိုင်စွမ်းရှိတဲ့ Capacity ပေါ်မှာ မူတည်ပြီးတော့မှသာလျှင် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားတဲ့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းမှာ မြို့နယ်အလိုက် ဖွင့်လှစ်ပေးဖို့ဆိုတာ လက်ရှိအခြေအနေမှာ တစ်ဖက်ကလည်း ဆောင်ရွက်နေသလို တစ်ဖက်ကလည်း အားပေးနေသလို သူတို့ရဲ့ Capacity အပေါ်မှာ မူတည်ပြီးတော့မှ ဆောင်ရွက်ရမယ့် အနေအထားမျိုးဖြစ်ကြောင်း ရှင်းလင်းဖြေကြားလိုပါတယ်။

တစ်ဆက်တစ်စပ်တည်းမှာပဲ ဂျပန်နိုင်ငံကနေပြီးတော့ ကျွန်တော်တို့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်ပေးတဲ့ Two Step Loan ယင်းနဲ့စပ်လျဉ်းပြီးတော့ တောင်သူလယ်သမားတစ်ဦးချင်း၊ တောင်သူလယ်သမားအစုအဖွဲ့၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေအတွက်ကို လိုအပ်တဲ့စိုက်ပျိုးစရိတ် ချေးငွေအပြင် လယ်ယာမှာအသုံးပြုနေတဲ့ စက်ကိရိယာနဲ့ လယ်ယာ Infrastructure တွေ တိုးတက်လာဖို့အတွက်ကိုလည်း အခုဆိုစီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဖြေကို ပြန်လည်ဖြေကြားရမယ်ဆိုလို့ရှိရင် တစ်ဖက်ကလည်းပဲ ဘဏ္ဍာငွေကြေးဆိုင်ရာ ပြုပြင်ပြောင်းလဲမယ့်ဟာတွေကို ဆောင်ရွက်ပြီး တစ်ဖက်ကလည်း တောင်သူလယ်သမားတွေအတွက် လိုအပ်မယ့် စိုက်ပျိုးစရိတ်ချေးငွေတွေ အပါအဝင် ဖွံ့ဖြိုးရေးချေးငွေတွေကိုလည်းပဲ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားနိုင်မယ့် အခြေအနေရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို (၁၅) မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က စာချုပ်စာတမ်းများမှတ်ပုံတင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စာချုပ်စာတမ်းများမှတ်ပုံတင် ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဦးစိုင်းထွန်းအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးစိုင်းထွန်းအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ရဲ့ တာဝန်ပေးချက်အရ စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## စာချုပ်စာတမ်းများမှတ်ပုံတင် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇ -၂၆၉
ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ၊ ဇွန်လ ၂၁ ရက်

၁။ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၂-၆-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒွေးဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုးနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းတို့က ၁၅-၆-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ အကြံပြု ဆွေးနွေးခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို အကြံပြု ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၁၉-၆-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် မူလဥပဒေကြမ်း၌ ပါရှိသော ဒီကရီ သို့မဟုတ် အမိန့်ဆိုသည့်စကားရပ်ကို စီရင်ချက်နှင့် ဒီကရီဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ စာချုပ်စာတမ်း မှတ်ပုံတင်ရာတွင် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စကားရပ်များအစား မရွှေ့မပြောင်းနိုင်သော ပစ္စည်း၌ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ဖြစ်စေ တန်ဖိုးငွေ ကျပ်တစ်သိန်းနှင့်အထက်ရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများရောင်းချခြင်း၊ ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွား တစ်စုံတစ်ရာ ဖြစ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်း၊ ဖျက်သိမ်းခြင်းတို့ကို ခိုင်မာစေရန် ပြုလုပ်သည့် သေတမ်းစာ မဟုတ်သော စာချုပ်စာတမ်းများ၊ ယင်းစာချုပ်စာတမ်းတို့နှင့် သက်ဆိုင်သည့် ပိုင်ဆိုင်ခွင့်အပေါ် တရားရုံးက ချမှတ်သည့် စီရင်ချက်၊ ဒီကရီ၊ အမိန့် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၇၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား မရွှေ့မပြောင်းနိုင်သော ပစ္စည်း၌ဖြစ်စေ၊ ယင်းနှင့် စပ်လျဉ်း၍ဖြစ်စေ တန်ဖိုးငွေကျပ်တစ်သိန်းအောက် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ ရောင်းချခြင်း၊ ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွား တစ်စုံတစ်ရာ ဖြစ်စေရေး အတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်း၊ ဖျက်သိမ်းခြင်း

တို့ကို မျက်မှောက်ကာလ အတွက်သော်လည်းကောင်း၊ နောင်ကာလ အတွက်သော် လည်းကောင်း ဖြစ်မြောက်စေရန် ပြုလုပ်သည့် ငွေလက်ခံရရှိခြင်း သို့မဟုတ် ပေးအပ်ခြင်းကို ဝန်ခံသည့် စာချုပ်စာတမ်းများ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းနှင့် ဆိုသည့်စကားရပ်ကို ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၇၊ အပိုဒ်ခွဲ(င)၏ အောက်တွင် အပိုဒ်ခွဲ(စ) အဖြစ် မိသားစု စီမံခန့်ခွဲမှု စာချုပ်စာတမ်းများဟု အသစ်ဖြည့်စွက်၍ လည်းကောင်း အသီးသီး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) တိကျမှန်ကန်သော စာချုပ်စာတမ်းများ ဖြစ်စေရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၁၈၊ အပိုဒ်ခွဲ (ခ)တွင် ဖော်ပြထားသော အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာချုပ်စာတမ်း ဖြစ်လျှင်ဆိုသည့် စကားရပ်ကို မြန်မာဘာသာဖြင့် ရေးသားထား သော စာချုပ်စာတမ်း မဟုတ်လျှင်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၃၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော လိုအပ်သလိုစိစစ်ပြီး မှတ်ပုံတင်ရန် ဆိုသည့် စကားရပ်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ရန် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၉ တွင် ဖော်ပြထားသော ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)နှင့် (ဇ)တို့ ဆိုသည့် စကားရပ်ကို ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် (င)တို့ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ မြန်မာစာ အရေးအသား မှန်ကန်မှုရှိစေရန်အတွက် အခန်း ၁၃၊ အခန်းခေါင်းစဉ်တွင် ဖော်ပြထားသော စကားရပ်များအစား မှတ်ပုံတင်ခြင်း၊ ရှာဖွေခြင်းနှင့် မိတ္တူကူးယူခြင်းဆိုင်ရာ အခကြေး ငွေများဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၇၀၊ အပိုဒ် (ဃ)တွင် ဖော်ပြထား သော အကျိုးစီးပွားအတွက် ဆိုသည့်စကားရပ်ကို အကျိုးစီးပွား အလို့ငှာဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အရေးအသားကျစ်လစ်မှု ရှိစေရန် အတွက် အပိုဒ် ၇၄ တွင် ဖော်ပြထားသော စကားရပ်များအစား မည်သူမဆိုပုဒ်မ ၇၂ နှင့် ၇၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၇၈ ကို အပိုဒ် ၇၇ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော မည့်သည့် စာချုပ်စာတမ်း မှတ်ပုံတင် အရာရှိကမဆို ဆိုသည့်စကားရပ်ကို မည့်သည့် စာချုပ် စာတမ်းမှတ်ပုံတင်အရာရှိ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးက မဆို ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၈၅ ကို အပိုဒ် ၈၄ ဟု ပြင်ဆင်ပြီး အပိုဒ်ခွဲ(က) တွင် ဖော်ပြထားသော ရက်ပေါင်း(၆၀)အတွင်း ဆိုသည့် စကားရပ်ကို ရက်ပေါင်း(၉၀)အတွင်း ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော အမိန့် ဒီကရီကို

လက်ခံရရှိလျှင် ယင်းအမိန့်နှင့် အညီဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ကို စီရင်ချက်နှင့် ဒီကရီကို လက်ခံရရှိလျှင် ယင်းစီရင်ချက်နှင့် အညီ ဆောင်ရွက်ရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း၊ အပိုဒ် ၇၅ တွင် ဖော်ပြထားချက်များသည် အပိုဒ် ၇၄ တွင် ပေါင်းစပ်ဖော်ပြပြီးဖြစ်၍ အပိုဒ် ၇၅ ကို ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြောင်းလဲသွားသည့် အမှတ်စဉ်များကိုလည်း တစ်ပါတည်း ပြင်ဆင်ဖြည့်စွက်ပြီး ပြင်ဆင်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီမှ မူလပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာချုပ်စာတမ်းများမှတ်ပုံတင် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံး ဥပဒေကြမ်းရဲ့ ခေါင်းစဉ်ကစပြီးတော့ တင်ပြပါမယ်။ ဥပဒေကြမ်းကော်မတီ၏ ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက် ဖြစ်ပါတယ်။

**စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၉ ခုနှစ်၊ လ၊ ရက်**

**( ၂၀၁၇ ခုနှစ်၊ လ၊ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ် ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက်များကို တင်ပြပါမယ်။

၃။ (ဃ) မရွှေ့မပြောင်းနိုင်သောပစ္စည်း ဆိုသည်မှာ မြေနှင့် မြေမှ ဖြစ်ထွန်းသော အကျိုးခံစားခွင့်များ၊ မြေ၌ဆောက်လုပ်ထားသော သို့မဟုတ် တည်ရှိသော အဆောက်အအုံနှင့် အရာဝတ္ထုများကိုဆိုသည်။ ယင်းစကားရပ်တွင် ပင်ထောင်သစ်၊ မရိတ်သိမ်းရသေးသည့် ကောက်ပဲသီးနှံနှင့် မြက်များ မပါဝင်။

(ဇ) ကိုယ်စားပြုသူ ဆိုသည်မှာ အရွယ်မရောက်သေးသူ သို့မဟုတ် ရူးသွပ်သူကို တရားဝင်အုပ်ထိန်းခွင့်ရသည့် ပုဂ္ဂိုလ်ကိုဆိုသည်။ ယင်းစကားရပ်တွင် ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့ဖြစ်ပါက ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့၏ကိုယ်စားအစည်းအဝေးမှတ်တမ်း ဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်လည်း ပါဝင်သည်။

(ဎ) မှတ်ပုံတင်အရာရှိ ဆိုသည်မှာ ဤဥပဒေအရ စာချုပ်စာတမ်းများကို မှတ်ပုံတင်ရန်တာဝန်ပေးအပ်ခြင်းခံရသည့် အရာရှိကိုဆိုသည်။

(ဏ) စုံစမ်းစစ်ဆေးရေးမှူးဆိုသည်မှာ သက်ဆိုင်ရာ ခရိုင်အတွင်း စာချုပ်စာတမ်းမှတ်ပုံတင် လုပ်ငန်း ဆောင်ရွက်ချက်များကို စစ်ဆေးရန် တာဝန်ရှိသည့် ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးကို ဆိုသည်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(ဃ)(ဇ)(ဎ)(ဏ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(ဃ)(ဇ)(ဎ)(ဏ)သည် ဤ ဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက် ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက် များဖြစ်တဲ့ အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ် ၁၇၊ အပိုဒ်ခွဲ(က)(ဃ)(စ)၊ အပိုဒ် ၁၈၊ အပိုဒ်ခွဲ(ခ) တို့ကို တင်ပြပါမယ်။

၁၆။ အောက်ပါ စာချုပ်စာတမ်းများကို ဤဥပဒေအရ မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများ အဖြစ် သတ်မှတ်သည်-

(ခ) မရွှေ့မပြောင်းနိုင်သော ပစ္စည်း၌ ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ ဖြစ်စေ တန်ဖိုးငွေ ကျပ်တစ်သိန်းနှင့် အထက်ရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ ရောင်းချခြင်း၊ ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွား တစ်စုံတစ်ရာ ဖြစ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်း၊ ဖျက်သိမ်းခြင်းတို့ကို ခိုင်မာစေရန် ပြုလုပ်သည့် သေတမ်းစာ မဟုတ်သော စာချုပ်စာတမ်းများ၊ ယင်းစာချုပ်စာတမ်း တို့နှင့် သက်ဆိုင်သည့် ပိုင်ဆိုင်ခွင့်အပေါ် တရားရုံးက ချမှတ်သည့် စီရင်ချက်၊ ဒီကရီ၊ အမိန့်၊

၁၇။ အောက်ပါစာချုပ်စာတမ်းများသည် ဤဥပဒေအရ မှတ်ပုံတင်လိုက တင်နိုင်သော စာချုပ် စာတမ်း အမျိုးအစားများဖြစ်သည်-

(က) မရွှေ့မပြောင်းနိုင်သော ပစ္စည်း၌ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ ဖြစ်စေ တန်ဖိုးငွေကျပ် တစ်သိန်းအောက် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ ရောင်းချခြင်း၊ ဆိုင်ရာဆိုင်ခွင့် အကျိုး စီးပွားတစ်စုံတစ်ရာ ဖြစ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်း၊ ဖျက်သိမ်းခြင်းတို့ကို မျက်မှောက်ကာလအတွက် သော်လည်းကောင်း၊ နောင်ကာလအတွက်သော်လည်းကောင်း ဖြစ်မြောက်စေရန် ပြုလုပ်သည့် ငွေလက်ခံရရှိခြင်း သို့မဟုတ် ပေးအပ်ခြင်းကို ဝန်ခံသည့် စာချုပ်စာတမ်းများ၊

(ဃ) ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများပေါ်တွင် ဆိုင်ရာဆိုင်ခွင့်၊ အကျိုးစီးပွား တစ်စုံတစ်ရာဖြစ်ပေါ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများ၊

(စ) မိသားစုစီမံခန့်ခွဲမှု စာချုပ်စာတမ်းများ၊

၁၈။ (ခ) အကယ်၍ မြန်မာဘာသာဖြင့် ရေးသားထားသော စာချုပ်စာတမ်း မဟုတ်လျှင် နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် မြန်မာဘာသာပြန်ဆိုချက်ကို ပူးတွဲတင်ပြရမည်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကိုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ် ၁၆(ခ)၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ် ၁၇(က)(ဃ)(စ)၊ အပိုဒ် ၁၈(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ် ၁၆(ခ)၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ် ၁၇(က)(ဃ)(စ)၊ အပိုဒ် ၁၈(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၂၃၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၁၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၃၁၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၂၊ အပိုဒ်ခွဲ(ခ)တို့ကို တင်ပြပါမယ်။

၂၃။ (ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ(ခ)အရ တင်ပြချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ရန် သတ်မှတ်ကာလထက် ကျော်လွန်သည့် ကာလသည် ရက်ပေါင်း (၁၂၀)ထက် မပိုလျှင် သတ်မှတ်ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး မှတ်ပုံတင်ခွင့် ပြုနိုင်သည်။

၃၁။ (ခ)(၃) စာချုပ်စာတမ်း မှတ်ပုံတင်သူသည် စာချုပ်စာတမ်း ချုပ်ဆိုသူများ၏ ကိုယ်စားပြုသူ သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူများ ဟုတ်/မဟုတ်။

(ဂ) ပုဒ်မခွဲ(က)နှင့် (ခ)တို့ပါ အချက်များသည် စီရင်ချက်လက်ခံ၊ ဒီကရီလက်ခံများနှင့် မသက်ဆိုင်စေရ။

၃၂။ (ခ) စာချုပ်စာတမ်း မှတ်ပုံတင်သူ သို့မဟုတ် စာချုပ်စာတမ်း မှတ်ပုံတင်သူ၏ ကိုယ်စားပြုသူများ သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူများက စာချုပ်စာတမ်းကို ချုပ်ဆိုကြောင်း ဝန်ခံခြင်း၊

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၂၃ (ဂ)၊ အပိုဒ် ၃၁ (ခ)(၃)၊ အပိုဒ် ၃၁ (ဂ)၊ အပိုဒ် ၃၂ (ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၃ (ဂ)၊ အပိုဒ် ၃၁ (ခ)(၃)၊ အပိုဒ် ၃၁ (ဂ)၊ အပိုဒ် ၃၂ (ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ညားစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၄၁၊ အပိုဒ် ၄၅၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၆ တို့ကို တင်ပြပါမယ်။

၄၁။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် အပ်နှံထားသည့် သေတမ်းစာများကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားချက် လက်ခံရရှိလျှင် လျှောက်ထားသူကို မိမိထံ အပ်နှံသည့် သေတမ်းစာ ရေးသားသူကိုယ်တိုင် သို့မဟုတ်

ကိုယ်စားလှယ်လွှဲအပ်ခံရသူ ဟုတ်/မဟုတ် စိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက သေတမ်းစာကို ပြန်လည်ထုတ်ပေးရမည်။

၄၅။ (ခ) သေတမ်းစာရေးသူမှာ ကွယ်လွန်ပြီးဖြစ်ပါက အမွေထိန်းဖြစ်သူ သို့မဟုတ် သေတမ်းစာရေးသူနှင့် တစ်နည်းနည်းဖြင့် သက်ဆိုင်သူက အထောက်အထား ခိုင်လုံစွာ တင်ပြ၍ တင်သွင်းလာခြင်း။

၄၆။ ကိတ္တိမ မွေးစားခြင်းစာချုပ်ကို ၁၉၃၉ ခုနှစ်၊ ကိတ္တိမမွေးစားခြင်း အက်ဥပဒေ (The Registration of Kittima Adoption Act) နှင့်အညီ သားသမီး မွေးစားသူ သို့မဟုတ် မွေးစားခံရသူက မှတ်ပုံတင်ရန် တင်ပြလာပါက အခြား စာချုပ်စာတမ်းများနည်းတူ မှတ်ပုံတင်ရမည်။

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၁၊ အပိုဒ် ၄၅(ခ)၊ အပိုဒ် ၄၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၁၊ အပိုဒ် ၄၅(ခ)၊ အပိုဒ် ၄၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၄၉၊ အခန်း(၁၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၁၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၅၇ တို့ကို တင်ပြပါမယ်။

၄၉။ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)နှင့် (င)တို့ပါ စာချုပ်စာတမ်းများနှင့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ (ခ)နှင့်(ဂ)တို့ပါ စာချုပ်စာတမ်းများကို မှတ်ပုံတင်ထားလျှင် ယင်းစာချုပ်စာတမ်းပါ ပစ္စည်းနှင့် သက်ဆိုင်သော ကတိပြုချက်နှင့် စည်းကမ်းချက်များသည် တရားဝင်ဖြစ်သည်။

**အခန်း(၁၁)**

**မှတ်ပုံတင်အရာရှိနှင့် စုံစမ်းစစ်ဆေးရေးမှူးတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅၁။　(က)(၁)　စာချုပ်ချုပ်ဆိုကြောင်း ဝန်ခံသည့် စာချုပ်စာတမ်းချုပ်ဆိုသူ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားပြုသူ သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူ၏ လက်မှတ်နှင့် ဆက်လက် ရေးသားသော အချက်များ၊

၅၇။　တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင် အရာရှိသည် မိမိလက်အောက်ရှိ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများကို ဥပဒေနှင့်အညီ ဖြစ်စေရေး အတွက် တာဝန်ယူ ကြီးကြပ်ရမည်။

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၉၊ အခန်း(၁၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၁(က)(၁)၊ အပိုဒ် ၅၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၉၊ အခန်း(၁၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၁(က)(၁)၊ အပိုဒ် ၅၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　။ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက် အပိုဒ် ၆၀၊ အပိုဒ်ခွဲ(ဂ)၊ အခန်း(၁၃) အခန်းခေါင်းစဉ်၊ အပိုဒ် ၇၀၊ အပိုဒ်ခွဲ(ဃ)တို့ကို ဆက်လက်တင်ပြပါ့မယ်။

၆၀။　( ဂ )　တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင် အရာရှိ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

**အခန်း(၁၃)**

**မှတ်ပုံတင်ခြင်း၊ ရှာဖွေခြင်း၊ မိတ္တူကူးယူခြင်းဆိုင်ရာ အခကြေးငွေများ**

၇၀။　(ဃ)　နိုင်ငံတော်အစိုးရအတွက် မြေပေါ်၊ မြေအောက် အကျိုးစီးပွားအလို့ငှာ လွှဲပြောင်း ပေးအပ်သော စာချုပ်စာတမ်းများ။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၀(ဂ)၊ အခန်း(၁၃) အခန်းခေါင်းစဉ်၊ အပိုဒ် ၇၀ (ဃ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၀(ဂ)၊ အခန်း(၁၃) အခန်းခေါင်းစဉ်၊ အပိုဒ် ၇၀ (ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၇၄ နဲ့ အပိုဒ် ၇၆ တို့ကို ဆက်လက်တင်ပြပါ့မယ်။

၇၄။ မည်သူမဆိုပုဒ်မ ၇၂ နှင့် ၇၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ် အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၆။ မည်သူမဆို တားမြစ်ချက်ပါ မျိုးတူပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ခုနှစ်နှစ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ဒီ ပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇၄၊ အပိုဒ် ၇၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇၄၊ အပိုဒ် ၇၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၇၇၊ အပိုဒ် ၈၂၊ အပိုဒ် ၈၄၊ အပိုဒ်ခွဲ (က)(ဂ)၊ အပိုဒ် ၈၆၊ အပိုဒ်ခွဲ(က)(ခ)တို့ကို ဆက်လက်တင်ပြပါ့မယ်။

၇၇။ မည်သည့်စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးကမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ သဘောရိုးဖြင့် တာဝန်ထမ်းဆောင်ရာ၌ ဥပဒေအရ ပေးအပ်ထားသော လုပ်ငန်းတာဝန်အရ ငြင်းဆိုခြင်း၊ စစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့် ဆောင်ရွက်စေခြင်းတို့ကို အကြောင်းပြု၍ တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၈၂။ ပုဒ်မ ၈၁ အရ ချုပ်ဆိုသည့် စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ လိုအပ်လျှင် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက သက်ဆိုင်ရာ စာချုပ်စာတမ်း ချုပ်ဆိုသူများအား အကြောင်းကြားမေးမြန်းနိုင်သည်။ စာချုပ်စာတမ်းချုပ်ဆိုကြောင်း ယုံကြည်လျှင် မှတ်ပုံတင် ပေးရမည်။

၈၄။ (က) စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရန် ဆောင်ရွက်နေစဉ် ကန့်ကွက်ချက် ရှိပါက ကန့်ကွက်သူကို ရက်ပေါင်း(၉၀)အတွင်း သက်ဆိုင်ရာ တရားရုံးက ထုတ်ပေးသည့် ယာယီတားဝရမ်း တင်ပြစေရမည်။ သက်မှတ်ရက်အတွင်း တင်ပြနိုင်ခြင်းမရှိပါက စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ(ခ)အရ လျှောက်ထားခြင်းအတွက် တရားရုံးက ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို လက်ခံရရှိလျှင် ယင်းစီရင်ချက်နှင့် အညီ ဆောင်ရွက်ရမည်။

၈၆။ (က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇၇၊ အပိုဒ် ၈၂၊ အပိုဒ် ၈၄(က)(ဂ)၊ အပိုဒ် ၈၆ (က)(ခ)ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇၇၊ အပိုဒ် ၈၂၊ အပိုဒ် ၈၄(က)(ဂ)၊ အပိုဒ် ၈၆(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အဆိုပြု ပြဋ္ဌာန်းချက်များတွင် ပါရှိတဲ့ ဒီကရီ သို့မဟုတ် အမိန့် ဆိုသော စကားရပ်အစား စီရင်ချက်နှင့် ဒီကရီ ဆိုသည့် စကားရပ်ကို ဥပဒေကြမ်းတစ်ခုလုံးတွင် ပြောင်းလဲပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် စီရင်ချက် နှင့် ဒီကရီ ဆိုသည့် စကားရပ်သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အဆိုပြု ပြဋ္ဌာန်းချက်တွင်ပါရှိသည့် ခရိုင်စာချုပ်စာတမ်း မှတ်ပုံတင် စစ်ဆေးရေးမှူးဆိုသော စကားရပ်အစား စုံစမ်းစစ်ဆေးရေးမှူးဆိုသည့် စကားရပ်ကို ဥပဒေကြမ်းတစ်ခုလုံးတွင် ပြောင်းလဲ ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် စုံစမ်းစစ်ဆေးရေးမှုးဆိုသည့် စကားရပ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အဆိုပြု ပြဋ္ဌာန်းချက်တွင် ပါရှိသည့် ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ဆိုသော စကားရပ်အစား ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ဆိုသည့် စကားရပ်ကို ဥပဒေကြမ်း တစ်ခုလုံးတွင် လည်းကောင်း၊ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ဆိုသော စကားရပ်အစား ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၂၉ နှင့် ပုဒ်မ ၈၂ ဆိုသော စကားရပ်အစား ပုဒ်မ ၂၉ သို့မဟုတ် ပုဒ်မ ၈၂ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း ပြောင်းလဲပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ၊ ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ နှင့် ပုဒ်မ ၂၉ သို့မဟုတ် ပုဒ်မ ၈၂ ဆိုသည့် စကားရပ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် အဆိုပြု ပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၇၅ ကို ပယ်ဖျက်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုပြင်ဆင်ချက်အတိုင်းထားရှိသင့်တဲ့ အပိုဒ်များကို တင်ပြပါ့မယ်။

အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃ (က)(ခ)(င)(စ)(ဆ)(ဈ)(ည)(ဋ)(ဌ)(ဍ)၊

အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊

အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ်၁၅၊ အပိုဒ်၁၅ (က) မှ (င) အထိ၊

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၆ (က)(ဂ)မှ(ဆ)၊ အပိုဒ် ၁၇ (ခ)(ဂ)(င)၊ အပိုဒ် ၁၈ ခြေဆင်း၊ အပိုဒ် ၁၈ (က)(ဂ)(ဃ)၊ အပိုဒ် ၂၀၊

အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၂ ၊ အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ် ၂၄ (ဂ)၊ အပိုဒ် ၂၆ (ခ)၊ အပိုဒ် ၂၇၊

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၀ (ခ)၊ အပိုဒ်၃၀ (ဂ)ခြေဆင်း၊ အပိုဒ်၃၀၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၃၁၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ် (၁)(၂)၊ အပိုဒ် ၃၂၊ အပိုဒ်ခွဲ(က)(ဃ)(င)၊ အပိုဒ် ၃၃ (က) (ခ)၊ အပိုဒ် ၃၄ (က)မှ(ဃ)၊

အခန်း(၇ )၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၆ (က)ခြေဆင်း၊ အပိုဒ် ၃၆၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၁)(၂)(၃)၊

အခန်း(၈ )၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၇၊ အပိုဒ် ၃၉ ခြေဆင်း၊ အပိုဒ် ၃၉ (က) မှ (ဃ) အပိုဒ် ၄၀ (က) မှ (ဃ)၊ အပိုဒ် ၄၂ (က)မှ (ဃ) အထိ၊

အခန်း( ၉ )၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄၅ (က)၊

အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄၇ ခြေဆင်း၊ အပိုဒ်၄၇ (က)(ခ)(ဂ)၊ အပိုဒ် ၄၈ ခြေဆင်း၊ အပိုဒ် ၄၈ (က) (ခ)(ဂ)၊

အခန်း(၁၁)၊ အပိုဒ် ၅၀(က)ခြေဆင်း၊ အပိုဒ် ၅၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၁)(၂)(၃)၊ အပိုဒ် ၅၀ (ခ)၊ အပိုဒ် ၅၁၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၂)(၃)၊ အပိုဒ် ၅၁ (ခ)၊ အပိုဒ် ၅၃(က)(ခ)၊ အပိုဒ် ၅၄ (က)မှ (ဃ)၊ အပိုဒ် ၅၆ ခြေဆင်း၊ အပိုဒ် ၅၆၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၈၊

အခန်း(၁၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅၉ (က)(ခ)(ဂ) ၊ အပိုဒ် ၆၀ (က)(ခ)၊ အပိုဒ် ၆၂၊ အပိုဒ်ခွဲ(က) (ခ)၊ အပိုဒ် ၆၅၊

အခန်း(၁၃)၊ အပိုဒ် ၆၈ ခြေဆင်း၊ အပိုဒ် ၆၈ (က) မှ (ဆ)၊ အပိုဒ် ၆၉၊

အခန်း(၁၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၇၀ ခြေဆင်း၊ အပိုဒ် ၇၀ (က)(ခ)(ဂ)၊ အပိုဒ် ၇၁၊

အခန်း(၁၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၇၂၊ အပိုဒ် ၇၃ ခြေဆင်း၊ အပိုဒ် ၇၃ (က)(ခ)(ဂ)၊

အခန်း(၁၆)၊ ခေါင်းစဉ်၊

အခန်း(၁၇)၊ ခေါင်းစဉ် နှင့်

ပြောင်းလဲအမှတ်စဉ်ထားတဲ့

အခန်း( ၄ )၊ အပိုဒ် ၁၇၊ အပိုဒ်ခွဲ (ဇ)(ဈ)(ည)၊

အခန်း(၁၆)၊ အပိုဒ် ၇၅၊

အခန်း(၁၇)၊ အပိုဒ် ၇၈၊ အပိုဒ် ၈၁၊ အပိုဒ် ၈၃ (က)(ခ)၊ အပိုဒ် ၈၄ (ခ)၊ အပိုဒ် ၈၅၊ အပိုဒ် ၈၆ ခြေဆင်း၊ အပိုဒ် ၈၇ တို့ကို

အဆိုပြုပြင်ဆင်ချက်အတိုင်း လွှတ်တော်က ဆက်လက် အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၈၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၈၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တင်သွင်းခဲ့တဲ့ စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီးမှ တင်သွင်းသော အဆိုကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်မြတ်သီတာထွန်း က ထောက်ခံအပ်ပါတယ်ရှင်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းသည် ပြင်ဆင်သည့်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးပြီးဆုံးပြီးနောက် နေ့လယ်စာ သုံးဆောင်ပြီးပါက အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့က JICA အထောက်အပံ့ဖြင့် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ Two Step Loan ချေးငွေများ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးရာတွင် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်ကို အမျိုးသားလွှတ်တော်၊ ထမင်းစားခန်းမဆောင်မှာ ကျင်းပ ပြုလုပ်သွားမှာဖြစ်ပါတယ်။ စိတ်ပါဝင်စားသည့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်နိုင်ပါရန် အသိပေးအပ်ပါတယ်။ လက်ဖက်ရည်၊ မုန့်တို့ဖြင့် ကျွေးမွေးဧည့်ခံမှာဖြစ်ကြောင်းကိုလည်း အသိ ပေးအပ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၁၁း၅၈ နာရီအချိန်တွင် ရပ်နားပါသည်။]